# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက်မှ စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၅၄)၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် ၊ ၁၉-၈-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်မည်

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်း နိုင်ငံသို့ တရားဝင်ခရီးစဉ်အပြီးတွင် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် ဆက်လက်သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ဘယ်လာရုစ်နိုင်ငံ သမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်၊ ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ဘယ်လာရုစ်အစိုးရပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတအနေဖြင့် မြန်မာ - ဘယ်လာရုစ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေးနှင့် စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေး ကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရေး ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာဆွေးနွေးသွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် မင့်စ်မြို့၌ မြန်မာသံရုံးဖွင့်လှစ်ခြင်း အခမ်းအနားနှင့် မြန်မာ - ဘယ်လာရုစ် စီးပွားရေးဖိုရမ်တို့သို့လည်း တက်ရောက်သွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

သတင်းစဉ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နေပြည်တော် ဩဂုတ် ၁၈

ရုရှားဖက်ဒရေးရှင်း နိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်း နိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲကျင်းပမည့် ကရင်မလင်နန်းတော်သို့ ရောက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတက ရင်းရင်းနှီးနှီး ခရီးဦးကြိုဆို နှုတ်ဆက်ပြီး သီးခြားတွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ပြည်ထောင်စုဝန်ကြီးများနှင့်

စာမျက်နှာ ၃ သို့ ❑

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၈

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ ဓလ

## ဆန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် ရေဘေးသင့်ဒေသများအတွက် သက်သာသောဈေးနှုန်းဖြင့် ဆန်အိတ်ရေ တစ်သိန်း ရောင်းချပေးမည်

ရန်ကုန် ဩဂုတ် ၁၈

ပြည်တွင်းဆန်ဈေးနှုန်း တည်ငြိမ်မှန်ကန်ရေးနှင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် ဒေသများအတွက် သက်သာသောဈေးနှုန်းများဖြင့် ဆန်များရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)၏ ဩဂုတ် ၁၈ ရက် ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါအစီအစဉ်တွင် ရေဘေးကူညီရေးပရဟိတအဖွဲ့အစည်းများအတွက် သက်သာသောဈေးနှုန်းဖြင့် ဆန်အိတ်ရေ တစ်သိန်း ရောင်းချပေးခြင်းနှင့်ပြည်သူများထံ အိမ်တိုင်ရာရောက် ရောင်းချပေးမည့်အစီအစဉ်များ ပါဝင်သည်။

အဆိုပါထုတ်ပြန်ချက်အရ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သောဒေသများသို့ ဖြန့်ဝေပေးမည့် ပရဟိတနှင့် လူမှုရေးအဖွဲ့အစည်းများအတွက် ဈေးမထ ၁၅ % အဆင့် ဆန် (၂၄ ပြည် - ၁၀၈ ပေါင်) အိတ်ကြီး အိတ်ရေ တစ်သိန်းကို တစ်အိတ်လျှင် ၇၀၀၀၀ ကျပ်နှုန်းဖြင့် ထုတ်ရောင်းပေးမည်ဖြစ်သည်။

စာမျက်နှာ ၆ သို့ ◆

**ယနေ့ ဖတ်စရာ အညွှန်း**



ဘရူနိုဖာနန်ဒက်ဇ် အသင်းတွင် ဆက်ရှိသွားမည်ဟု မန်ယူအသင်း အတည်ပြု

စာမျက်နှာ ၁၁

စပါးမျိုး ခြောက်မျိုးကို ဧက ၃၆၀၀၀ ကျော် စိုက်ပျိုးထား



စာမျက်နှာ ၁၂

တရားဦးဓမ္မစကြာ တရားတော်(၂) (ဆောင်းပါး)

စာမျက်နှာ ၁၄

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# မေတ္တာတရားပွားရမည့် ဝါခေါင်လ

မြန်မာ့ဆယ့်နှစ်လရာသီတွင်ဝါခေါင်လသည် ပဉ္စမမြောက်လဖြစ်သည်။ ဝါကပ်ခြင်း၏အလယ်လဟု အဓိပ္ပာယ်ရသည်။ ရဟန်း၊ သံဃာတော်များကျောင်းတိုက်များ၌ သီတင်းသုံးသည့်(ဝါ)ဝါဆိုသည်မှာ မိုးဥတုဖြစ်သည်။ တောင်သူလယ်သမားများ အားသွန်ခွန်စိုက် လယ်ထဲဆင်းချိန်ဖြစ်သဖြင့်လည်း လယ်လုပ်ချိန် လယ်ထွန်ချိန်လဟု အဓိပ္ပာယ်ဖွင့်ကြသေးသည်။ ဝါခေါင်လ၏ အဓိပ္ပာယ်မှာ ဝါဝေးသောလ၊ ရဟန်းသံဃာများ ဝါမဆို၊ ဝါမကပ်သောလဟု ဝေါဟာရလီနတ္ထဒီပနီတွင် ဖွင့်ဆိုထားပြန်သည်။ ဤလတွင် သရဝဏ်နက္ခတ်ထွန်းသည်။ နေသိဒ္ဓိနက္ခတ်ဟုလည်းခေါ်သည်။ တာရာမှာ ဗျိုင်းတာရာဖြစ်သည်။ ရာသီရုပ်မှာ ခြင်္သေ့ရုပ်ဖြစ်၏။ရာသီပန်းမှာ"ခတ္တာငုံ ပန်းနှစ်ဆင့်ငယ်နှင့် လှမ်းလင့်လို့ရွှာအဝင်"ဟု လယ်သူမများအလှကို စာဆို ဦးကြီးက ဖွဲ့ဆိုထားသော ကဗျာလာ ခတ္တာပန်းဖြစ်သည်။ ရာသီပွဲတော်ကား"သကြိန်တာကူး နှစ်ဦးညောင်ရေ စာပုလွေခင်း ပဉ္စင်းတော်ခံ၊ စာရေးတံ"ဟုဖွဲ့သော စာရေးတံမဲနှင့် ဆွမ်းလောင်းပွဲဖြစ်သည်။

မြတ်စွာဘုရားရှင် လက်ထက်ကပင် အိန္ဒိယနိုင်ငံမှ စတင်ပေါ်ပေါက်ခဲ့သော အလှူလည်းဖြစ်သည်။ ဘုရားရှင်၏ ခွင့်ပြုချက်အရ ဆွမ်း၊ကွမ်းစီစဉ်သူရဟန်းတစ်ပါးကို ရွေးချယ်တင်မြှောက်ကြရသည်။ ဆွမ်းညွှန်းရဟန်းသည် စာရေးတံဆွမ်းကိစ္စကို ဆောင်ရွက်ရာ၌ ဒကာ၏ စာရေးတံဆွမ်းအမည် ရေးထားသော သစ်သားနှစ်ဖြင့် ပြုလုပ်ထားသည့် အတံကိုဖြစ်စေ၊ ဝါးခြမ်းပြား၊ နှီးပြား၊ ထန်းရွက်၊ ပေရွက်စသည်တို့ကိုဖြစ်စေ မဲအဖြစ်အသုံးပြုရသည်။ ထိုစာရေးတံမဲများကို ခြင်းတောင်း၌လည်းကောင်း၊ သင်္ကန်းလိပ်၍လည်းကောင်းထည့်မွှေပြီး စာရေးတံမဲနှိုက်ယူရသည်။ စာရေးတံမဲကျပြီးသော ရဟန်းသံဃာတို့သည် စာရေးတံမဲကျသည့်အိမ်သို့ ဒကာ၏ ပင့်လျှောက်ချက်အရ အသီးသီး ဆွမ်းစားကြွရသည်။

ဝါခေါင်လ၏ ထူးခြားချက်မှာ မြတ်စွာဘုရားရှင်သည် မေတ္တသုတ်တော်ကို ဟောကြားခဲ့ခြင်းဖြစ်သည်။အေးမြကြည်လင်သော မေတ္တာတရား၏ အနှစ်သာရကို ဝါခေါင်လတွင် စတင်ဟောကြားခဲ့သောကြောင့် ဝါခေါင်လသည် ဗုဒ္ဓဘာသာဝင်တို့၏ ထူးခြားသောလဖြစ်သည်။ဝါခေါင်လသည် မေတ္တာမိုးရေ ဖြိုးဖွေသောလလည်းဖြစ်သည်။ "အမျှတဲ့ သုံးကြိမ်ဝေ၊ သွန်းတဲ့ညောင်ရေ၊ မာပါစေ ကမ္ဘာသား၊ အောက်ထက်နံလျား"ဆိုသည့်အတိုင်း မေတ္တာပွားသောလလည်း ဖြစ်သည်။ ဝါခေါင်လသည် ထူးခြားမှုများရှိ၍ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ဟု ဗုဒ္ဓဘာသာဝင်တို့က ဝိသေသပြုခြင်းလည်းဖြစ်သည်။ လများ၏တန်ဆောင် ဝါခေါင်လသည် ဘာသာ၊သာသနာကို အထောက်အပံ့ပြုပေးသော လလည်းဖြစ်ပြန်သည်။

မေတ္တာဖြင့် ဖွဲ့နှောင်သည့် လောကက ငြိမ်းအေးသည်၊ ချမ်းသာသည်။ တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်မေတ္တာထားနိုင်ကြသည်နှင့်အမျှ၊ အပြန်အလှန်အကျိုး လိုလားကြသည်နှင့်အမျှ လောကကြီးမှာလည်း ငြိမ်းချမ်းသာယာသည်။ လူတိုင်းလူတိုင်း မေတ္တာတရားပွားများနိုင်ကြရန်၊ မြင့်မြတ်သည့်ကျင့်စဉ်ဖြစ်သော မေတ္တာဘာဝနာအကျင့်ကို ကျင့်သုံးနိုင်ကြရန်လိုသည်။ မေတ္တာတရားပွားများရာတွင် အနန္တစကြဝဠာနှင့် အနန္တသတ္တဝါတို့ကို အာရုံပြု၍ အပိုင်းအခြားမရှိ ပွားများကြရခြင်းဖြစ်သည်။

သို့ဖြစ်ရာ ဝါခေါင်လ၏ ယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းပြီး တစ်ဦးအပေါ်တစ်ဦး မေတ္တာတရားပွားများကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## စားအုန်းဆီ ၈၂၅ ပိဿာအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေးလျက်ရှိ

**ကျောက်ဆည် ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ပြည်သူများ စားသုံးဆီဝယ်ယူသုံးစွဲရာ၌ အထောက်အပံ့ရရှိစေရန်အတွက် စားအုန်းဆီတင်သွင်းသော သတ်မှတ်အရည်အသွေးပြည့်ဝသည့် Resources Group Trading Co.,Ltd ·မှ စားအုန်းဆီများကိုဝယ်ပြီး အိမ်ထောင်စုတစ်စုလျှင် ဆီဝယ်ယူခွင့်စာအုပ်များ ပြုလုပ်ပေး၍ တစ်ကြိမ်ရောင်းချပေးပါက ၂ ဒသမ ၅၀ ပိဿာနှုန်းဖြင့် အပတ်စဉ် ပြည်သူများအား အလှည့်ကျရောင်းချပေးလျက်ရှိရာ ယမန်နေ့က စားအုန်းဆီ ၈၂၅ ပိဿာအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာ၌ ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် ဆီအရောင်းဆိုင်များဖြစ်သည့် ဒေါ်ကေဇာခိုင် (နေလသုခ)မှ တုံလုံကျေးရွာမှ ပြည်သူများအား ပိဿာ ၃၃၀၊ ဒေါ်သဇင်အောင် (နေလသုခ) စားအုန်းဆီအရောင်းဆိုင်မှ ကျီးအိပ်ကျေးရွာပြည်သူများအား စားအုန်းဆီ ၂၇၅ ပိဿာ၊ ဦးအေးမင်းစိုး (အေးချမ်းသူ)စားအုန်းဆီအရောင်းဆိုင်မှ ကျီးပြကျေးရွာ ပြည်သူများအား ပိဿာ ၂၂၀ စုစုပေါင်း စားအုန်းဆီ ၈၂၅ ပိဿာ ရောင်းချပေးခဲ့ပြီး ကျန်ရှိနေသည့် ရပ်ကွက်/ ကျေးရွာပြည်သူများအား အလှည့်ကျ ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**စုစုအေး(ကျောက်ဆည်)**

၀-၀-၀-၀-၀

၀-၀-၀

## မဟာမြိုင်(၁)ရပ်ကွက်၌ ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး ဩဂုတ် ၁၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၌ အသက်ငါးနှစ်အောက် ကလေးများအား Vit A တိုက်ကျွေးခြင်း ကိုယ်အလေးချိန်ချိန်ခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား အာဟာရစောင့်ရှောက်မှုပေးခြင်းများကို ယနေ့နံနက်ပိုင်းက အောင်မေတ္တာမွေ့ရုံတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာသို့မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမင်းနှင့် ကျန်းမာရေးဝန်ထမ်းများက မဟာမြိုင်(၁)ရပ်ကွက်၌ အသက်ငါးနှစ်အောက်ကလေးများအား Vit A တိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန်ချိန်ခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား အာဟာရစောင့်ရှောက်မှုပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း**

၀-၀-၀-၀-၀

## မိတ္ထီလာမြို့နယ်၌ သံဃနာယကနှင့် ဝိနည်းဓိုရ်ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချ

**မိတ္ထီလာ ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်သံဃနာယကအဖွဲ့မှ ကြီးမှူးကျင်းပသော သံဃနာယကနှင့် ဝိနည်းဓိုရ်ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်မျိုးအောင် ရပ်ကွက် သာသနာ့ဝေပုလ္လပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မဟာဝိဇယမ္ဗေဓိမာန် တွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ဩဝါဒမြွက်ကြားခဲ့သည်။

ထို့နောက် ဝန်ဇင်းရပ်ကွက် ပဌမကျော်မွေ့စရိယတိုက်သစ်ကျောင်းတိုက်ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသီလာစာရက သင်တန်းတက်ရောက်မည့် ဝိနည်းဓိုရ်သံဃာတော်များအား ဩဝါဒမြွက်ကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးဇော်အောင်လေးက သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

အဆိုပါ သင်တန်းအား နှစ်ရက်တာဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းနည်းပြနှင့် သင်တန်းသား သံဃာတော် ၅၇ ပါး တက်ရောက်ကြောင်း မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကောသရထံမှ သိရသည်။

(၄၅၃)

၀-၀-၀-၀-၀

၀-၀-၀

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

**မန္တလေး ဩဂုတ် ၁၈**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ အစီအစဉ်(၇)ရပ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း(၇၀)ဦး တက်ရောက်ကြသည်။



ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း(၂၀)ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကာ မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ကို နံနက် ၁၁ နာရီခွဲတွင်ရပ်နားကြောင်းနှင့် တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးမြောက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀


၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြော်ငြာနှန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❏ ရှေ့ဖုံးမှ

တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ လက်ထောက်နှင့် အစိုးရအဖွဲ့ အကြီးအကဲများ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်တို့ တွေ့ဆုံဆွေးနွေးစဉ်။

## တက်တက်ကြွကြွပူးပေါင်း

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်က ခရီးဦးကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုကဲ့သို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များကို ယခုကဲ့သို့ ထပ်မံတွေ့ဆုံခွင့်ရသည့်အတွက် လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေပြီး ရေဘေးသင့်ပြည်သူများကို မိမိအနေဖြင့် စာနာထောက်ထားပြီး အားပေးသည်ကို ပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ သံတမန်ဆက်ဆံမှုအနေဖြင့် ၁၉၄၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး သမိုင်းတစ်လျှောက်တွင် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်စွာတိုးတက်လျက်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရုရှား-အာဆီယံ အဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေးကို အကူအညီပေးသည့်အတွက် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ စီးပွားရေးနယ်ပယ်တွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပူးပေါင်းဆောင်ရွက်၍ရသည့် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနယ်ပယ်တွင်လည်း နှစ်နိုင်ငံဆက်ဆံရေးဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ယခုအဆွေတော်၏ ရုရှားနိုင်ငံသို့ခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးပွဲများ၊ လေ့လာစရာများရှိပါကြောင်း၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်အသီးသီးကို အသေးစိတ်ဆွေးနွေးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်းဖြင့် ပြောကြားသည်။

## ပြောင်းလဲတိုးတက်လာ

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိနှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယခုကဲ့သို့ လှိုက်လှဲ နွေးထွေးစွာ ကြိုဆိုမှုအတွက် များစွာဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိအနေဖြင့် ရုရှားနိုင်ငံသို့ အကြိမ်ကြိမ်လာရောက်ခဲ့ဖူးပြီး ယခုအခါ သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံရပြီးနောက်ပိုင်းတွင် ပထမဆုံးလာရောက်ခဲ့သည့် ခရီးစဉ်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေး နယ်ပယ်အပါအဝင် နယ်ပယ်ပေါင်းစုံတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ အဆွေတော် ပြောကြားသကဲ့သို့ မိမိတို့နိုင်ငံတွင် ပြီးခဲ့သည့်လမှစတင်၍ ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုအပေါ်တွင် အဆွေတော်အနေဖြင့် မြန်မာပြည်သူများအပေါ် စာနာထောက်ထားကြောင်း ပြောကြားပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြီးခဲ့သည့်နှစ်အတွင်း မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပြီး ဆုံးရှုံးမှုများလည်း များစွာရှိခဲ့ကြောင်း၊ ထိုအချိန်တွင် အဆွေတော်တို့အနေဖြင့် အထူးအဖွဲ့များ စေလွှတ်၍ ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ပေးခဲ့သည်ကို ယခုအချိန်အထိ မမေ့ပါကြောင်းနှင့် ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် ကဏ္ဍပေါင်းစုံ ပူးပေါင်း ဆောင်ရွက်ရေးတွင် အရှိန်အဟုန်ပြင်းစွာဖြင့် တိုးတက်လျက်ရှိနေပြီး ရှေ့ဆက်၍ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များလည်း များစွာရှိနေပါကြောင်း၊ အဆွေတော်နှင့် အသေးစိတ် ဆွေးနွေးနိုင်မည်ဟုလည်း မျှော်လင့်ထားပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့်ဆက်ဆံရေး နယ်ပယ်များတွင်လည်း ပြောင်းလဲတိုးတက်လာပြီ ဖြစ်ပါကြောင်း၊ ဆက်လက်လုပ်ဆောင်ရန်နယ်ပယ်များလည်း များစွာကျန်ရှိနေသေးကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် ရုရှားနိုင်ငံအနေဖြင့် နှစ်ပေါင်းများစွာ အားပေးကူညီခဲ့ပြီး လက်ရှိဖွံ့ဖြိုးတိုးတက်မှုများသည်လည်း ရုရှားနိုင်ငံ၏ အားပေးထောက်ခံမှုများစွာပါဝင်သဖြင့် ကျေးဇူးတင်ရှိသည်ကို ထပ်မံပြောကြားလိုပါကြောင်း၊ သမိုင်းကြောင်းအရ ရှည်လျားစွာရှိသည့် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် အနာဂတ်တွင်လည်း ခိုင်မြဲစွာရှိနေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏ အရှေ့တောင်အာရှတွင် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံအဖြစ် အမြဲတည်ရှိနေမည်ကို ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမြဲအသင့်ရှိပါကြောင်းဖြင့် ပြောကြားသည်။

## အမြင်ချင်းဖလှယ်ဆွေးနွေး

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်တို့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုများ ပပျောက်စေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ပြင်းပြင်းထန်ထန်နှိမ်နင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကာကွယ်ရေး၊ လုံခြုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အာကာသနည်းပညာ၊ ကျန်းမာရေးနှင့် ခရီးသွားကဏ္ဍအပါအဝင် နယ်ပယ်ပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် တည်ဆောက်ရေးတွင် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ငင်းနောက် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးများက စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ဒီဂျစ်တယ်ငွေကြေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ အာကာသသိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးကဏ္ဍ၊ ကုန်သွယ်ရေကြောင်းပို့ကုန်နှင့် ပို့ဆောင်ရေးကဏ္ဍနှင့် အခြားပူးပေါင်းဆောင်ရွက်နိုင်သည့် ကဏ္ဍများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြသည်။ ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

## လက်မှတ်ရေးထိုးလဲလှယ်

ယင်းနောက် နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး လဲလှယ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နှစ်နိုင်ငံအကြား တစ်ဖက်သတ် အကျပ်ကိုင်ဆောင်ရွက်မှုများ၏ ဆိုးရွားသောသက်ရောက်မှုများကို တုံ့ပြန်ဖြေရှင်းရန်နည်းလမ်းများနှင့် ပတ်သက်သည့် ကြေညာချက်၊ *စာမျက်နှာ ၄ သို့*

> “ ယခုအခါ မြန်မာနိုင်ငံတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေပြီး ရေဘေးသင့် ပြည်သူများကို မိမိအနေဖြင့် စာနာထောက်ထားပြီး အားပေးသည်ကို ပြောကြားလို၊ မိမိတို့နိုင်ငံ၏ သံတမန်ဆက်ဆံမှုအနေဖြင့် ၁၉၄၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး သမိုင်းတစ်လျှောက်တွင် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်စွာ တိုးတက်လျက်ရှိနေ၊ မြန်မာနိုင်ငံအနေဖြင့် ရုရှား - အာဆီယံ အဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေးကို အကူအညီပေးသည့်အတွက် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိ၊ မိမိတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိ၊ စီးပွားရေးနယ်ပယ်တွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားရမည်၊ ထို့ကြောင့် ပူးပေါင်းဆောင်ရွက်၍ရသည့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ”
>
> ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်

> “ မိမိတို့နှစ်နိုင်ငံအနေဖြင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးတွင် အရှိန်အဟုန် ပြင်းစွာဖြင့် တိုးတက်လျက်ရှိနေပြီး ရှေ့ဆက်၍ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များလည်း များစွာရှိနေ၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ဆက်ဆံရေးနယ်ပယ်များတွင်လည်း ပြောင်းလဲတိုးတက်လာပြီဖြစ်၊ ဆက်လက်လုပ်ဆောင်ရန် နယ်ပယ်များလည်း များစွာကျန်ရှိနေသေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် ရုရှားနိုင်ငံအနေဖြင့် နှစ်ပေါင်းများစွာ အားပေးကူညီခဲ့ပြီး လက်ရှိဖွံ့ဖြိုးတိုးတက်မှုများသည်လည်း ရုရှားနိုင်ငံ၏ အားပေးထောက်ခံမှုများစွာ ပါဝင်သဖြင့် ကျေးဇူးတင်ရှိသည်ကို ထပ်မံပြောကြားလို၊ သမိုင်းကြောင်းအရ ရှည်လျားစွာရှိသည့် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် အနာဂတ်တွင်လည်း ခိုင်မြဲစွာ ရှိနေမည် ”
>
> ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

*စာမျက်နှာ ၃ မှ*

လျှပ်စစ်စွမ်းအားကဏ္ဍနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများအတွက် နားလည်မှုစာချွန်လွှာ၊ ရေဒီယိုအီလက်ထရောနစ်လုပ်ငန်းနှင့် ဒီဂျစ်တယ်နည်းပညာနယ်ပယ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ယှဉ်ပြိုင်မှုအဖွဲ့အစည်းတို့အကြား ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာ၊ ယဉ်ကျေးမှုနှင့် အနုပညာနယ်ပယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ ဂြိုဟ်တုလမ်းညွှန်မှုစနစ်၊ လူလိုက်ပါသော အာကာသခရီးစဉ်များ ဂြိုဟ်တုအခြေပြုရှာဖွေကယ်ဆယ်ရေးစနစ် COSPAS-SARSAT နှင့် ကမ္ဘာ့အနီး အာကာသအတွင်း အန္တရာယ်ရှိသော အခြေအနေများအတွက် အလိုအလျောက်သတိပေးစနစ် (ASPOS)နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် မြန်မာအာကာသအေဂျင်စီနှင့် Plekha-nov Russian University of Economics တို့အကြား နားလည်မှုစာချွန်လွှာ၊ မြန်မာအာကာသအေဂျင်စီနှင့် Bauman Moscow State Technical University တို့အကြား နားလည်မှုစာချွန်လွှာများ အပါအဝင် စုစုပေါင်း နားလည်မှုစာချွန်လွှာ ၁၂ ခုတို့ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ရုရှားဖက်ဒရေးရှင်း နိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့ ရှေ့မှောက်၌ အသီးသီးလဲလှယ်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့သည် မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားခဲ့ကြောင်းနှင့် နှစ်နိုင်ငံပူးတွဲကြေညာချက်များ အပြန်အလှန် ပြောကြားမှုကို သီးခြားဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်တို့ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။



မြန်မာ-ရုရှား နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာကို တာဝန်ရှိသူများက လဲလှယ်ကြစဉ်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရစစ်သည် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြု

နေပြည်တော် ဩဂုတ် ၁၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ မော်စကိုမြို့ရှိအညတရစစ်သည် ဂူဗိမာန်သို့ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရမှ တာဝန်ရှိသူများနှင့် မော်စကိုမြို့ စစ်ဘက်ဆိုင်ရာအကြီးအကဲတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရှေ့ဆောင်စစ်သည်နှစ်ဦး ဦးဆောင်၍ လွမ်းသူ့ပန်းခွေအား သယ်ဆောင်ပြီး နိုင်ငံတော်သမ္မတက အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ ကျဆုံးလေပြီးသော သူရဲကောင်းများအား ရည်စူး၍ ၁ မိနစ်ငြိမ်သက် အလေးပြုကြသည်။ ထိုသို့ လွမ်းသူ့ပန်းခွေချ အလေးပြုပြီးချိန်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းအား တီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အညတရစစ်သည် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မော်စကိုမြို့ရှိ အညတရစစ်သည် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုစဉ်။



ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင် တို့

# မီဒီယာများနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံပူးတွဲကြေညာချက်များနှင့် အပြန်အလှန် ပြောကြားချက်များ

(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ မော်စကိုမြို့)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်က ပြောကြားရာတွင် -

ချစ်ခင်မြတ်နိုးအပ်ပါသော သူငယ်ချင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကို ရုရှားနိုင်ငံမှာ ထပ်မံတွေ့ဆုံခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ပါတယ်၊ ရုရှား-မြန်မာဆက်ဆံရေးသည် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုအပေါ်တွင် အခြေခံနေပါတယ်၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် တရားမျှတမှု၊ အပြန်အလှန်လေးစားမှုနှင့် အကျိုးစီးပွားဖြစ်ထွန်းစေမှုတို့အပေါ်တွင် မူတည်ပါတယ်၊ ၁၉၅၀-၁၉၆၀ ခုနှစ်များအတွင်း မြန်မာနိုင်ငံက လူမှုရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးကဏ္ဍများအတွက် အကူအညီများစွာ ပေးခဲ့ပါတယ်၊ ဆိုဗီယက်ယူနီယံခေတ်က မြန်မာနိုင်ငံမှာ တည်ဆောက်ပေးခဲ့တဲ့ ကြီးမားတဲ့အခြေခံအဆောက်အအုံဖြစ်တဲ့ ဆေးရုံ၊ တက္ကသိုလ်တွေဟာ ယနေ့အထိ မြန်မာပြည်သူများကို အကျိုးပြုလျက်ရှိတာကို အထင်အရှားတွေ့မြင်နိုင်ပါတယ်။ အဓိကအနေဖြင့် လက်ရှိအချိန်အထိ ရုရှား-မြန်မာ ဆက်ဆံရေးသည် တိုးတက်ခိုင်မာလျက်ရှိသည်ကို ပြောကြားလိုပါတယ်၊ နှစ်နိုင်ငံအစိုးရ အချင်းချင်း ဆက်သွယ်မှုများ များစွာရှိပါတယ်၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအချင်းချင်း စနစ်တကျ ဆက်သွယ်ဆက်ဆံမှုများ ဆောင်ရွက်နေပါတယ်၊ လုံခြုံရေးကောင်စီအကြား၊ ပါလီမန်များအကြား၊ ပါတီများအကြား တွေ့ဆုံဆွေးနွေးမှုများလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေပါတယ်၊ နှစ်နိုင်ငံအကျိုးစီးပွားအတွက် စီမံကိန်းများစွာကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ဒီနေ့လည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။

နိုင်ငံတကာရေးရာ ကိစ္စရပ်များကိုလည်း ဒီနေ့ဆွေးနွေးနိုင်ခဲ့ပါတယ်၊ ရုရှား-မြန်မာ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ ဌာနများအချင်းချင်း အကြား သဘောတူညီချက်များစွာကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်၊ ဆက်လက်ပြီး စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ နှစ်နိုင်ငံအကြား ယုံကြည်မှုရှိတဲ့ ခိုင်မာတဲ့ ငွေပေးချေမှုစနစ်ရှိပါတယ်၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမှာ စွမ်းအင်ကဏ္ဍဟာ အရေးကြီးတဲ့ကဏ္ဍဖြစ်ပါတယ်၊ မြန်မာနိုင်ငံမှာ ကျောက်မီးသွေးစက်ရုံ၊ ရေနံချက်စက်ရုံ စီမံကိန်းများရှိပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံမှာ သဘာဝသယံဇာတရှာဖွေရေး၊ မြန်မာနိုင်ငံကမ်းလွန်အပါအဝင် ရေနံဓာတ်ငွေ့တူးဖော်ရေး ပူးပေါင်းဆောင်ရွက်ဖို့ ဆန္ဒရှိပါတယ်၊ မြန်မာနိုင်ငံကို ရုရှားက LNG တင်ပို့ဖို့ အလားအလာများစွာ ရှိပါတယ်၊ အဆိုပါ LNG ကို ပြည်တွင်းအသုံးပြုရေး အပါအဝင် အခြားနိုင်ငံများကိုလည်း တင်ပို့လို့ရပါတယ်၊ အရင်နှစ်က မြန်မာနိုင်ငံမှာ အဏုမြူဓာတ်အားပေးစက်ရုံ တည်ဆောက်ဖို့ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်၊ ဒီစီမံကိန်းက နှစ်နိုင်ငံအတွက် အဓိကစီမံကိန်းလည်း ဖြစ်ပါတယ်၊ စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှာလည်း စီမံကိန်းအများအပြား ဆောင်ရွက်ဖို့ အလားအလာရှိပါတယ်၊ ဥပမာဆိုရင် မြန်မာနိုင်ငံမှာ သံမဏိစက်ရုံ၊ မြေသြဇာစက်ရုံလည်း တည်ဆောက်နေပါတယ်။

မြန်မာနိုင်ငံရဲ့ တောင်ဘက်ပိုင်းတွင်လည်း ရေနက်ဆိပ်ကမ်း တည်ဆောက်မှုစီမံကိန်းကိုဆွေးနွေးနေပါတယ်၊ High-Tech နယ်ပယ်မှာလည်း ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးနေပါတယ်၊ မြန်မာနိုင်ငံရဲ့ Digital နယ်ပယ်၊ Cyber Security အစရှိတဲ့ High-Tech နယ်ပယ်မှာ ရုရှားကုမ္ပဏီများရဲ့ အဆိုပြုချက် အစီအစဉ်အများအပြား ရှိပါတယ်။

အာကာသပူးပေါင်းဆောင်ရွက်မှုမှာ ၂၀၂၅ ခုနှစ်က နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါနယ်ပယ်များမှာ ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်လျက်ရှိပါတယ်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကလည်း နှစ်နိုင်ငံအတွက် အရေးကြီးတဲ့နယ်ပယ်ဖြစ်ပါတယ်၊ နှစ်နိုင်ငံဗီဇာကင်းလွတ်ခွင့်စနစ်ဖြင့် သိပ္ပံပညာ၊ လူငယ်၊ ခရီးသွား၊ အားကစားသမားအများအပြား အပြန်အလှန် သွားလာနေကြပါတယ်၊ ဗလာဒီဗော့စတော့မြို့မှာ ရုရှားဆိုင်ရာ မြန်မာကောင်စစ်ဝန်ရုံး မကြာမီဖွင့်လှစ်တော့မှာဖြစ်ပါတယ်၊ ဒ့ါအပြင် Altai, Kaluga, Moscow ပြည်နယ်များတွင်လည်း မြန်မာယဉ်ကျေးမှုဘာသာရေး Center ဖွင့်လှစ်ထားပါတယ်။

မြန်မာနိုင်ငံ၏ မြို့တော်တစ်ခုဖြစ်တဲ့ ရန်ကုန်မြို့မှာ ရုရှား Orthodox ခရစ်ယာန်ဘုရားကျောင်းဆောက်ဖို့ အတည်ပြုထားပါတယ်၊ မြန်မာနိုင်ငံမှာ ရုရှားဘာသာစကားကို စိတ်ဝင်စားမှု မြင့်တက်လာတာကို တွေ့ရတဲ့အတွက် အလွန်ဝမ်းသာမိပါတယ်၊ ရုရှားဘာသာစကားကို ရန်ကုန်၊ မန္တလေးတက္ကသိုလ်တွေမှာ သင်ကြားပေးနေပြီး တပ်မတော်အကယ်ဒမီမှာလည်း သင်ကြားပေးနေပါတယ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင် တို့ မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားစဉ်။

မြန်မာနိုင်ငံက ရုရှားဆီက ပရိဂရမ်ကို ပါဝင်ဖို့အစီအစဉ်ရှိပါတယ်။ အခု ရုရှားတက္ကသိုလ်မှာ မြန်မာကျောင်းသား ကျောင်းသူ စုစုပေါင်း အယောက် ၄၀၀ ရှိပါတယ်။ ရုရှားတက္ကသိုလ်ကနေ အောင်မြင်ပြီးတဲ့ မြန်မာကျောင်းသား ကျောင်းသူကတော့ ၁၇၀၀၀ ဖြစ်ပါတယ်။ နိုင်ငံတကာကိစ္စရပ်များအတွက် ရုရှားနဲ့မြန်မာရဲ့ထင်မြင်ချက်က အလွန်နီးကပ်ပါတယ်။ ရုရှား-မြန်မာက နိုင်ငံတကာအဖွဲ့တွေ ကာကွယ်ရေးဆိုင်ရာနဲ့ ပြည်တွင်းရေးစွက်ဖက်မှုတွေအတွက် အချိန်တိုင်းကန့်ကွက်နေပါတယ်။ ရုရှား-မြန်မာ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုက ကောင်းစွာတိုးတက်နေပါတယ်။ မြန်မာ့ပင်လယ်ပြင်မှာ ရုရှား-မြန်မာ စစ်ဘက်လေ့ကျင့်မှု မကြာခဏဆောင်ရွက်နေပါတယ်။ ရုရှားရေတပ်သင်္ဘောတွေ မြန်မာပြည်ကို မကြာခဏလာရောက်ခဲ့ပါတယ်။ ဒီနေ့လာရောက်တဲ့ သမ္မတကြီးဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကို ကြိုဆိုပါတယ်လို့ ပြောချင်ပါတယ်။ သမ္မတကြီး ဦးမင်းအောင်လှိုင်က ရုရှားရောက်တဲ့အချိန်မှာ အစီအစဉ်တွေ အများအပြားရှိပါတယ်။ ရုရှားဝန်ကြီးချုပ်၊ ဒူးမားလွှတ်တော်ဥက္ကဋ္ဌနဲ့ တွေ့ဆုံမှုအပြင် အခြားဌာနတွေနဲ့ တွေ့ဆုံဖို့ အများကြီးရှိနေပါတယ်။ ဒ့ါအပြင် အဆွေတော် ဦးမင်းအောင်လှိုင်က ဒူးမားပြည်နယ်ကိုလည်း ခရီးသွားဖို့ အစီအစဉ်ရှိပါတယ်။ ဒူးမားပြည်နယ်က ရုရှားရဲ့ ဗုဒ္ဓဘာသာနယ်မြေတစ်ခုဖြစ်ပါတယ်။ အခုခရီးစဉ်အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ ဒီနေ့လက်မှတ်ရေးထိုးမှုသည် ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှုနဲ့ လုပ်ဖော်ကိုင်ဖက် ဆက်ဆံရေးအတွက် အထောက်အကူများစွာ ပေးမယ်လို့ မျှော်လင့်ပါတယ်။ လေးစားအပ်သော လူကြီးမင်းများကို ကြိုဆိုပါတယ်။

အဆွေတော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နဲ့ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မီဒီယာအဖွဲ့ဝင်များ အားလုံး မင်္ဂလာပါခင်ဗျာ -

ကျွန်တော့်အနေနဲ့ ရုရှားသမ္မတကြီး မစ္စတာ ဗလာဒီမာ ပူတင်ရဲ့ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံကို တရားဝင်ခရီးစဉ်အဖြစ် လာရောက်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ဟာ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့တာ ၇၈ နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် အစောဆုံးသံတမန်ဆက်ဆံရေး ထူထောင်ခဲ့တဲ့ နိုင်ငံတွေထဲက တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ဟာ မိတ်ဆွေရင်း၊ မိတ်ဆွေစစ် နိုင်ငံတွေဖြစ်ကြပြီး အပြန်အလှန် နားလည်မှု၊ လေးစားမှုတွေနဲ့ အခြေခံတည်ဆောက်ထားတဲ့ဆက်ဆံရေးကို ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်များကစပြီး မြန်မာ-ရုရှား ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အနီးကပ်ဆုံးနဲ့ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပြီပဲဖြစ်ပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်များအကြား မကြာခဏ တွေ့ဆုံဆွေးနွေးမှုဟာ နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ဖို့အတွက်လည်း အဓိကတွန်းအားတစ်ရပ်ဖြစ်ပါတယ်။ သမ္မတကြီး ပူတင်နဲ့ ကျွန်တော်တို့ ယနေ့တွေ့ဆုံမှုဟာ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်နေတဲ့ အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်း မြှင့်တင်သွားဖို့အတွက် ကြီးမားတဲ့အထောက်အကူဖြစ်စေခဲ့ပါတယ်။ ဒ့ါအပြင် နှစ်နိုင်ငံအကြား ဆွေးနွေးသဘောတူထားတဲ့ ကိစ္စရပ်တွေ၊ သဘောတူညီချက်တွေအပေါ် အကောင်အထည်ဖော်မှု အခြေအနေနဲ့ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတွေကို ပြန်လည်သုံးသပ်ကာ ရရှိပြီးတဲ့တိုးတက်မှုတွေကို ထိန်းသိမ်းသွားဖို့နဲ့ ဆက်လက်တိုးမြှင့်သွားဖို့အတွက်လည်း ဆွေးနွေးသဘောတူညီနိုင်ခဲ့ပါတယ်။ မိမိတို့အနေနဲ့ ကာကွယ်ရေး၊ လုံခြုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အာကာသနည်းပညာ၊ ကျန်းမာရေးနဲ့ ခရီးသွားကဏ္ဍအပါအဝင် နယ်ပယ်ပေါင်းစုံမှာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမယ့် အလားအလာတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ပါတယ်။

ယခုဆိုရင် မြန်မာနိုင်ငံမှာ ဥပဒေပြုလွှတ်တော်တွေလည်း ပေါ်ပေါက်လာပြီဖြစ်လို့ ကျွန်တော်တို့ အစိုးရနှစ်ရပ်အကြားမှာသာမက လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့ကိုလည်း ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ဟာလည်း ယခုနှစ်၊ ဇန်နဝါရီလအတွင်းက စတင်အသက်ဝင်ခဲ့ပြီးဖြစ်တဲ့အတွက် ခရီးသွားကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မှုနဲ့ နှစ်နိုင်ငံပြည်သူတွေအကြား ကူးလူးဆက်ဆံမှု ပိုမိုမြှင့်တင်နိုင်မယ့် အလားအလာများကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ ယခုခရီးစဉ်အတွင်းမှာ သဘောတူစာချုပ်/ နားလည်မှု စာချွန်လွှာ (၁၂) ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ နောက်ထပ်လည်း ကဏ္ဍပေါင်းစုံမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွေ ချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိနေပါတယ်။ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ဟာ ဒေသတွင်းနဲ့ နိုင်ငံတကာမျက်နှာစာတွေမှာ အပြန်အလှန် အစဉ်ရပ်တည်ထောက်ခံပေးကြတဲ့ နိုင်ငံတွေလည်း ဖြစ်ကြပါတယ်။ မျက်မှောက်ခေတ်ကမ္ဘာ့ရေးရာ ကိစ္စရပ်တွေအပေါ်မှာလည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး နောင်အနာဂတ်မှာလည်း မိမိတို့နှစ်နိုင်ငံဟာ နိုင်ငံတကာမျက်နှာစာမှာ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားဖို့ ဆွေးနွေးသဘောတူခဲ့ကြပါတယ်။

သမ္မတကြီး၊ နှစ်ဖက်ကိုယ်စားလှယ်များနဲ့ မီဒီယာအဖွဲ့ဝင်များ ခင်ဗျာ-

မြန်မာနိုင်ငံဟာ ပထဝီနိုင်ငံရေးအရ မဟာဗျူဟာ ကျတဲ့နေရာမှာ တည်ရှိတဲ့နိုင်ငံဖြစ်တဲ့အပြင် အနီးအနားမှာလည်း ကြီးမားတဲ့ဈေးကွက်ကြီးရှိသလို သဘာဝသယံဇာတတွေလည်း ပေါကြွယ်ဝတဲ့နိုင်ငံတစ်ခုလည်းဖြစ်ပါတယ်။ စိုက်ပျိုးမြေဧက ၃၃ သန်းကျော်ရှိပြီး လုပ်သားအင်အားသာမက ကောင်းမွန်ပြီး သမမျှတတဲ့ ရာသီဥတုလည်း ရှိပါတယ်။ ဒ့ါအပြင် မိုင်ပေါင်း ၁၃၀၀ ကျော် ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းတစ်ခုလည်း ရှိပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းကောင်းတွေရှိတဲ့ မြန်မာနိုင်ငံမှာ ရုရှားနိုင်ငံရဲ့ နယ်ပယ်ကဏ္ဍစုံက စီးပွားရေးလုပ်ငန်းရှင်တွေကို လာရောက်ရင်းနှီးမြှုပ်နှံဖို့ သမ္မတကြီးမှတစ်ဆင့် ထပ်မံဖိတ်ခေါ်လိုပါတယ်။ မနက်ဖြန်မှာလည်း မြန်မာနဲ့ ရုရှား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖိုရမ်တစ်ခုကိုလည်း ကျင်းပပြုလုပ်သွားဖို့ ရှိပါတယ်။

သမ္မတကြီး၊ နှစ်ဖက်ကိုယ်စားလှယ်များနဲ့ မီဒီယာအဖွဲ့ဝင်များ ခင်ဗျာ -

မိမိတို့နိုင်ငံနဲ့ အစဉ်အလာအရ ချစ်ကြည်ရင်းနှီးတဲ့ ရုရှားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်မြင့်မားလာစေဖို့အတွက် မိမိအနေနဲ့ သမ္မတကြီး ပူတင်၊ ရုရှားအစိုးရနဲ့ ပြည်သူတွေနဲ့အတူ လက်တွဲဆောင်ရွက်သွားမှာဖြစ်တယ်လို့ ထပ်လောင်းဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံ

## နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေရေး ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin တို့ တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဩဂုတ် ၁၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် ဒူးမားလွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-Ool နှင့် လွှတ်တော်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် တွေ့ဆုံပွဲ ကျင်းပပြုလုပ်မည့် ဒူးမားလွှတ်တော် အဆောက်အအုံသို့ ရောက်ရှိကြရာ ဒူးမားလွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

### ရင်းရင်းနှီးနှီးဆွေးနွေး

ယင်းနောက် တွေ့ဆုံပွဲကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့် ဒူးမားလွှတ်တော်ဥက္ကဋ္ဌတို့သည် နှစ်နိုင်ငံဥပဒေပြုရေး မဏ္ဍိုင်များဖြစ်သည့် လွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများ၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ဆက်ဆံမှုများဆောင်ရွက်ရာတွင် သာတူညီမျှမှု၊ အပြန်အလှန်လေးစားမှု၊ ပြည်တွင်းရေး မစွက်ဖက်မှုများကိုအခြေခံပြီး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လွှတ်တော်များအကြား အပြန်အလှန် လေ့လာရေးခရီးစဉ်များ ဆောင်ရွက်၍ အတွေ့အကြုံများ ဖလှယ်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် တရားမျှတပြီး သိက္ခာရှိသည့်ရွေးကောက်ပွဲကိုအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ပြည်သူ့ဆန္ဒကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သော လွှတ်တော်များနှင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက် တင်မြှောက်ထားသည့် အစိုးရမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှုနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် ရုရှားနိုင်ငံအပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခဲ့မှုနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်ခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရမှု အခြေအနေများ၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ရင်းရင်းနှီးနှီးဆွေးနွေး ခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin က ကြိုဆိုနှုတ်ဆက်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတက ဒူးမားလွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရင်းရင်း နှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

အလားတူ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ရွှေဘိုပေါ်ဆန်း (၂၄ ပြည် ၁၀၈ ပေါင်) တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀ နှင့် ဧရာဝတီပေါ်ဆန်း (၂၄ ပြည် ၁၀၈ ပေါင်) တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် အိမ်တိုင်ရာရောက် ပို့ဆောင်ပေးမည့် (Home Delivery) စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

အဆိုပါစနစ်အား K Pay ဖြင့် ငွေဝင်ရောက်ပြီးပါက ငါးရက်အတွင်း အိမ်တိုင်ရာရောက်ပို့ဆောင်ပေးမည်ဖြစ်ကာ Viber ဖုန်းနံပါတ် ၀၉-၄၀၀၀၆၇၂၄၀၊ ၀၉-၄၀၀၀၆၇၂၅၀၊ ၀၉-၄၀၀၀၆၇၂၆၀ နှင့် Email: sales@mrf.com.mm တို့မှတစ်ဆင့် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

ယခုနှစ် နွေစပါးရာသီနှင့် ယခင်နှစ် မိုးစပါးရာသီကထွက်ရှိသည့် စပါးဟောင်း၊ ဆန်ဟောင်းများကို ကြိတ်ခွဲထုတ်လုပ်ကာ သိုလှောင်ဖြန့်ဖြူးရောင်းချပေးနေပြီး ယခုနှစ်ကုန်အထိ ပြည်တွင်းစားသုံးရန် လိုအပ်ချက်ကို အခက်အခဲမရှိ ဖူလုံလောက်ငစွာ ထုတ်လုပ်ရောင်းချပေးနိုင်သည်ဟု အသင်းချုပ်က ပြောသည်။

ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများ၊ နေရာဒေသအချို့တွင် ရေကြီးမှုများကြောင့် စားသုံးသူပြည်သူများ စိုးရိမ်ပူပန်စိတ်များမဖြစ်စေရန်၊ ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းများ မပြုလုပ်ရန်နှင့် ဆန်စက်များ၊ ကုမ္ပဏီများနှင့် ဆန်ကုန်သည်/ပွဲရုံများ၊ လက်လီလက်ကားဆန်အရောင်းဆိုင်များအနေဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်ရေး ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရည်အသွေးမှန်စွာဖြင့် ရောင်းချပေးရန် မေတ္တာရပ်ခံထားသည်။

TMK

### နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၈

ဩဂုတ် ၁၉ ရက်တွင် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့၌ နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustin နှင့် တွေ့ဆုံ

## နှစ်နိုင်ငံ ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustin တို့ တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဩဂုတ် ၁၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustin နှင့် ရုရှားအစိုးရအဖွဲ့ အိမ်တော် အစည်းအဝေးခန်း၌ တွေ့ဆုံဆွေးနွေးသည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲပြုလုပ်မည့် ရုရှားအစိုးရအဖွဲ့ရုံးသို့ ရောက်ရှိလာရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တွေ့ဆုံပွဲကို ကျင်းပပြုလုပ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်အတူ ရုရှားအစိုးရအဖွဲ့မှ ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustin တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

### ဘက်စုံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မည်

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ်က ယခုကဲ့သို့ ရုရှားနိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့သည့်အတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏ အာရှ၊ အရှေ့တောင်အာရှနှင့် အာရှပစိဖိတ်ဒေသအတွက် အရေးပါသည့် မိတ်ဖက် မဟာမိတ်နိုင်ငံတစ်ခု ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ဘက်စုံကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက် ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဦးစွာပြောကြားသည်။

### နားလည်ယုံကြည်စွာ ဆွေးနွေးနိုင်မည်

ယင်းနောက် နိုင်ငံတော်သမ္မတက အဆွေတော်ဝန်ကြီးချုပ်နှင့် ယခုကဲ့သို့ ထပ်မံတွေ့ဆုံဆွေးနွေးရသည့်အတွက် အထူးပင် ဝမ်းမြောက်မိကြောင်း၊ မိမိအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ၁၄ ကြိမ်မြောက် လာရောက်ခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်သည် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးနောက်ပိုင်း ရုရှားနိုင်ငံသို့ ပထမဆုံး နိုင်ငံတော်အဆင့် တရားဝင် ချစ်ကြည်ရေးခရီးစဉ် ဖြစ်ပါကြောင်း၊ ယခု တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ယုံကြည်မှုနှင့် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုရင်းနှီးပွင့်လင်းစွာဆွေးနွေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိပြီး ရှည်လျားကောင်းမွန်သည့် သံတမန်ဆက်ဆံမှုများရှိကာ အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် လေးစားတန်ဖိုးထားမှုများကို ခိုင်မာစွာ ဖော်ညွှန်းပြသလျက်ရှိမှု၊ နိုင်ငံတကာမျက်နှာစာတွင် ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအကျိုးအတွက် ခိုင်ခိုင်မာမာထောက်ခံရပ်တည်ပေးလျက် ရှိသကဲ့သို့ မြန်မာနိုင်ငံ အနေဖြင့်လည်း ဒေသတွင်းနိုင်ငံများနှင့် အာဆီယံအပါအဝင် နိုင်ငံတကာနှင့် သံတမန်ဆက်ဆံရေးများ ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံ ဗဟိုအစိုးရများ၏ ကောင်းမွန်သော ဆက်ဆံရေးသာမက ရုရှားနိုင်ငံ ဖက်ဒရယ်ပြည်နယ်များနှင့်လည်း ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတည်ဆောက်လာနိုင်ပြီး စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍများ ပိုမိုတိုးတက်ဆောင်ရွက်လာနိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဒီဂျစ်တယ် နည်းပညာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ ပင်လယ်ရေကြောင်းနှင့်ပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ အားကစားကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ။

နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာတော်သင်များစေလွှတ်ရေး အပါအဝင် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ အစိုးရတို့အကြား **"ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် ပြင်ပအာကာသ စူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်"** ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဂြိုဟ်တုနှင့် အာကာသသိပ္ပံနည်းပညာဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာအာကာသယာဉ်မှူးများ အာကာသခရီးစဉ်တွင် ပါဝင်နိုင်ရေးအတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းရွေးချယ် လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံတွင် ဂြိုဟ်တုနှင့် အာကာသ နည်းပညာများကို စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးအပါအဝင် အခြားလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် အသုံးချနိုင်ရန်အတွက် မြန်မာအာကာသအေဂျင်စီက ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာရှိ အာကာသအေဂျင်စီများ၊ အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိမှု၊ အသေးစား နျူကလီးယားလျှပ်စစ်စွမ်းအင်ထုတ်လုပ်မှု အပါအဝင် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင် ထုတ်လုပ်မှုဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့်အခြေအနေများ၊ ပင်လယ်ရေကြောင်း ပို့ဆောင်ရေးနှင့် ရေထွက်ပစ္စည်းများ ယခုထက် ပိုမိုတင်ပို့နိုင်ရေး အပါအဝင် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ်က ရင်းနှီးနွေးထွေးစွာဖြင့် လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# သူရဲဈေး-တောင်ပြုံး ရထားလမ်းပိုင်းတွင် မီးရထားခရီးစဉ် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနား ကျင်းပ





**မန္တလေး ဩဂုတ် ၁၈**

မြန်မာ့မီးရထား အထက်မြန်မာပြည်မှ သူရဲဈေး-တောင်ပြုံး ရထားလမ်းပိုင်းတွင် မီးရထားခရီးစဉ် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက သူရဲဈေးဘူတာ စင်္ကြံတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ လွှတ်တော်အခွင့်အရေးကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာ့မီးရထားနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သူရဲဈေး-တောင်ပြုံး ရထားစတင်ပြေးဆွဲခြင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်၍ သူရဲဈေးဘူတာမှ တောင်ပြုံးဘူတာသို့ ထွက်ခွာမည့် RBE ရထားအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

၎င်းနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သူရဲဈေးဘူတာမှ တောင်ပြုံးဘူတာသို့ RBE ရထားဖြင့် စီးနင်းလိုက်ပါ၍ ရထားလမ်းတစ်လျှောက် ကြည့်ရှုပြီး ဒေသခံပြည်သူများအား နှုတ်ဆက်ခဲ့ကြကာ တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင် တောင်ပြုံး ဆုတောင်းပြည့် ဆုတောင်းရ မြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ ဘုရားဖူးလာ ပြည်သူများနှင့် တောင်ပြုံးမင်းနှစ်ပါး ပွဲတော်လာ အနယ်နယ် အရပ်ရပ်မှ ပြည်သူများ၊ ဈေးဆိုင်ခန်းဖွင့်လှစ်ရောင်းချနေမှုများအား ကြည့်ရှုအားပေးခဲ့သည်။



မန္တလေး-မတ္တရာ မီးရထားလမ်းပိုင်းအား ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအထိ နောက်ဆုံးပြေးဆွဲပေးခဲ့ပြီး မန္တလေး-သူရဲဈေး ရထားလမ်းပိုင်းအား ၂၀၂၂ ခုနှစ်၊ မတ်လတွင် လူစီးရထားပြန်လည်ပြေးဆွဲခဲ့သော်လည်း ခရီးသည်စီးနင်းမှု မရှိခဲ့ခြင်းကြောင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် ၎င်းရထားခရီးစဉ်အား ဖျက်သိမ်းခဲ့ကြောင်း၊ မန္တလေး-မတ္တရာလမ်းပိုင်း ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် လိုအပ်သည့် ပြုပြင်ဆောင်ရွက်မှုများကို စီမံလုပ်ဆောင်ခဲ့ပြီး မန္တလေး-မတ္တရာလမ်းပိုင်းကို မပြေးဆွဲနိုင်သည့် ကာလတွင် အများပြည်သူ ခရီးသွားလာမှုအဆင်ပြေစေရေးအတွက် သူရဲဈေးဘူတာမှ တောင်ပြုံးခရီးစဉ်အား ပွဲတော် ၁၀ ရက်တာကာလအတွင်း ဈေးနှုန်းသက်သာပြီး ပျော်ရွှင်စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည်။

သူရဲဈေး-တောင်ပြုံးရထားခရီးစဉ်၌ ရိုးရိုးတန်း ခြောက်တွဲ၊ ဘရိတ်တွဲနှစ်တွဲ စုစုပေါင်း ရှစ်တွဲဖြင့် နေ့စဉ် သူရဲဈေးဘူတာမှ တောင်ပြုံးဘူတာသို့ နံနက် ၇ နာရီနှင့် မွန်းလွဲ ၁ နာရီခွဲ၊ တောင်ပြုံးဘူတာမှ သူရဲဈေးဘူတာသို့ နံနက် ၉ နာရီနှင့် ညနေ ၄ နာရီ ၁၅ မိနစ်တို့တွင် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး လက်မှတ်တစ်စောင် ငွေကျပ် ၁၀၀၀ နှုန်း သတ်မှတ်ထားသည်။

မန္တလေး-မတ္တရာလမ်းပိုင်း ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် မြို့ဟောင်းဘူတာမှ မတ္တရာဘူတာအထိ ရထားလမ်းပိုင်းတစ်လျှောက် လိုအပ်သည့် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀







• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# (၁၅)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနား မြို့တော်ခန်းမတွင် ကျင်းပ





**မန္တလေး ဩဂုတ် ၁၈**

(၁၅)ကြိမ်မြောက် တိုင်းရင်းဆေး သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဂုဏ်ထူးဆောင် ပါမောက္ခများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်တို့မှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ စာတမ်းရှင် သုတေသီများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားကို တိုင်းရင်းဆေးပညာရှင်များ၏ နဝရတ်ကတိသစ္စာကို သံပြိုင်ရွတ်ဆိုကာ ဖွင့်လှစ်၍ သဘာပတိကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက အဖွင့်အမှာစကား ပြောကြားပြီးနောက် ဧည့်သည်တော်များနှင့်အတူ ပြသထားသော သုတေသန ပိုစတာများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

၎င်းနောက် စာတမ်းဖတ်ပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ရာ ပထမနေ့တွင် စာတမ်း(၇)စောင်ကို ဖတ်ကြားခဲ့ကြောင်းနှင့် စာတမ်းဖတ်ပွဲကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပကာ စာတမ်း(၁၅)စောင်၊ ပိုစတာ(၄)စောင်တို့ကို တင်သွင်းဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## အဆင့်မြင့်စက်ချုပ်နည်းပညာ ဆရာ၊ ဆရာမမွမ်းမံသင်တန်းဖွင့်လှစ် Electronic Jacquard ရက်ကန်းစက် အသိပညာဖလှယ်



**မန္တလေး ဩဂုတ် ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် အဆင့်မြင့်စက်ချုပ်နည်းပညာ ဆရာ၊ ဆရာမမွမ်းမံသင်တန်းဖွင့်ပွဲနှင့် အိန္ဒိယ-မြန်မာချစ်ကြည်ရေးအစီအစဉ်ဖြင့် ဆောင်ရွက်နေသော RapierShuttleless Loom with Electronic Jacquard ရက်ကန်းစက် အသိပညာဖလှယ်ပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါသိပ္ပံရှိ ရွှေလွန်းပုံသင်တန်းခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ)က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီးကသင်တန်းဆိုင်ရာများနှင့် ရက်ကန်းစက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသောရက်ကန်းလုပ်ငန်းရှင်များ၏ သိလိုသည်များကို ဒုတိယကျောင်းအုပ်ကြီး (သင်ကြားရေး)က ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနားသို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အသက်မွေးပညာဌာနခွဲ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ရက်ကန်းလုပ်ငန်းရှင်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၄၅)**

သတင်း-စာမျက်နှာ ၉





**နောင်ချိုမြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိနှင့်အဖွဲ့သည် ဌာနပိုင် မြစိမ်းသာပန်းခြံအတွင်း အများပြည်သူများ လာရောက်အပန်းဖြေအနားယူနိုင်ရေးအတွက် ပန်းခြံအနောက်ရှိ ချုံနွယ်များရှင်းလင်းခြင်း၊ အားကစားပစ္စည်းများ ထပ်မံတိုးချဲ့တပ်ဆင်နိုင်ရေးအတွက် မြေနေရာသတ်မှတ်၍ ပြင်ဆင်ခြင်းများအား ကွင်းဆင်း၍ ကြီးကြပ်ဆောင်ရွက်ကြစဉ်။**

**(ကဆ)**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက်အချို့နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာမှ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile(သံမဏိတိုင်များ)ရိုက်သွင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်






# 2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Iga Swiatek တက်ရောက်



**ဝါရှင်တန် ဩဂုတ် ၁၈**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ဂရိတင်းနစ်မယ် Maria Sakkari ကို ၄-၆၊ ၆-၁၊ ၆-၁ ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် ပြင်သစ်တင်းနစ်မယ် Diane Parry တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ဓာတ်ပုံ)(NGB)**

# ဒီပို့တီဗိုအသင်းနှင့် အယ်လ်ချီအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျ

**မက်ဒရစ် ဩဂုတ် ၁၈**

စပိန်လာလီဂါပွဲစဉ်(၁)အဖြစ် ယနေ့ နံနက်ပိုင်းက ဒီပို့တီဗိုအသင်းနှင့် အယ်လ်ချီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒီပို့တီဗိုအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၂၁ မိနစ်တွင် အူဘာမီယန်း၊ အယ်လ်ချီအသင်းအတွက် သွင်းဂိုး တစ်ဂိုးကို ပွဲချိန် ၇၆ မိနစ်တွင် အာဗ္ဂါဒို က သွင်းယူပေးခဲ့သည်။

စပိန်လာလီဂါပွဲစဉ်(၂)အဖြစ် အယ်ချီအသင်းက လာမည့် ဩဂုတ် ၂၄ ရက်တွင် ဘာစီလိုနာအသင်းနှင့်လည်းကောင်း၊ ဒီပို့တီဗိုအသင်းက ဩဂုတ် ၂၅ ရက်တွင် မာလာဂါအသင်းနှင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(အပေါ်ပုံ)(NGB)**

# ဂျွန်လူကူမီ ဂျူဗင်တပ်အသင်းတွင် ကျောနံပါတ်(၂၆)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**တူရင် ဩဂုတ် ၁၈**

နောက်ခံကစားသမားသစ် ဂျွန်လူကူမီသည် ဂျူဗင်တပ်အသင်းတွင် ကျောနံပါတ်(၂၆)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဘိုလော့ဂ်နာအသင်းမှ ဂျူဗင်တပ်အသင်းသို့ ၂၀၃၀ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဂျွန်လူကူမီသည် ဘိုလော့ဂ်နာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၂ ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

နောက်ခံကစားသမား ဂျွန်လူကူမီအနေဖြင့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီသစ်တွင် ဂျူဗင်တပ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**




# အပ္ပဒူလ်အူအာတာရာကို အစ်ဆွစ်ချ်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၈**



ပရီးမီးယားလိဂ်တန်းတက်ကလပ် အစ်ဆွစ်ချ်အသင်းသည် စထရာဘော့စ်အသင်း ကွင်းလယ်ကစားသမား အဗ္ဗဒူလ်အူအာတာရာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၇သန်း ဝန်းကျင်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အစ်ဆွစ်ချ်အသင်းနှင့်အတူ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား အဗ္ဗဒူလ်အူအာတာရာသည် စထရာဘော့စ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၄ ပွဲကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သည့်အပြင် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် အစ်ဆွစ်ချ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အစ်ဆွစ်ချ်အသင်းသည် နွေရာသီ အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမား ၁၀ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

# ဘရူနိုဖားနန်ဒက်ဇ် အသင်းတွင် ဆက်ရှိသွားမည်ဟု မန်ယူအသင်း အတည်ပြု




**လန်ဒန် ဩဂုတ် ၁၈**

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဇ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဟု မန်ယူအသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပထိပ်သီးကလပ်အသင်းများအပြင် ဆော်ဒီကလပ်အသင်းများစွာက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း မန်ယူအသင်းက ပယ်ချခဲ့သည်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဇ်သည် မန်ယူအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၂၇ ပွဲကစားပြီး ၁၀၇ ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြထားသည်။ **(အပေါ်ဓာတ်ပုံ)**

မန်ယူအသင်း၏ ထုတ်ပြန်ချက်တွင် 'ဘရူနိုဖာနန်ဒက်ဇ် အသင်းမှာ ဆက်ရှိသွားမှာပါ။ သူ့အတွက် မည်သည့်ကမ်းလှမ်းမှုမျိုးကိုမှ လက်မခံပါဘူး။ သူက အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ'ဟု ထုတ်ပြန်သည်။ **(NGB)**

# ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအကုန်တွင် ကစားသမားဘဝမှ အနားယူနိုင်ကြောင်း စီရော်နယ်လ်ဒို ပြောကြား

**လန်ဒန် ဩဂုတ် ၁၈**

အယ်လ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒိုက မိမိအနေဖြင့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအကုန်တွင် ကစားသမားဘဝမှ အနားယူနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ကစားသမားဘဝမှ အနားမယူခင် ဂိုး ၁၀၀၀ ပြည့်ရန် ရည်မှန်းထားပြီး လက်ရှိအချိန်တွင် သွင်းဂိုး ၂၄ ဂိုးသာ လိုအပ်နေတော့သည်။

ထို့ပြင် တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် အယ်လ်နာဆာအသင်းနှင့်အတူ ၂၀၂၂ မှ ၂၀၂၆ ခုနှစ်အထိ ပြိုင်ပွဲစုံ ၁၄၈ ပွဲကစားပြီး ၁၂၉ ဂိုး သွင်းယူထားသည်။

အသက်(၄၁)နှစ်အရွယ်ရှိ စီရော်နယ်လ်ဒိုက '၂၀၂၆-၂၀၂၇ ဘောလုံး ရာသီအကုန်မှာ ကစားသမားဘဝမှ အနားယူနိုင်ပါတယ်။ အနာဂတ်အတွက်လည်း အစီအစဉ်အားလုံး ရေးဆွဲပြီးသားပါ။ ဘောလုံးကစားသမားဘဝမှ အနားယူပြီးရင်တော့ ခရီးထွက်မယ်၊ ဘဝကို ပျော်ရွှင်စွာ ခံစားသွားမယ်'ဟု ပြောသည်။

**(အောက်ပုံ)(NGB)**



# ပိုကိုနီလီကို နည်းပြသစ်အဖြစ် စကော့တလန်အသင်းခန့်အပ်

**လန်ဒန် ဩဂုတ် ၁၈**

စကော့တလန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ပိုကိုနီလီကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ **(အောက်ယာပုံ)**

အဆိုပါနည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ယူနီယံစိန့်ဂျယ်လ်ဝိုက်စ်၊ မိုနာကို စသည့် ကလပ်အသင်းများကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် စကော့တလန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၃၉)နှစ်အရွယ်ရှိ နည်းပြ ပိုကိုနီလီက 'ကျွန်တော့်အခုလို စကော့တလန်အသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်တိုးတက်ဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ'ဟု ပြောသည်။**(NGB)**



# မွိုက်ကိန်းစ်ကို ခေါ်ယူရန် ကိုမိုအသင်း ကမ်းလှမ်း

**တူရင် ဩဂုတ် ၁၈**

ကိုမိုအသင်းသည် ဖီအိုရင်တီးနားအသင်း တိုက်စစ်မှူး မွိုက်ကိန်းစ်ကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဖီအိုရင်တီးနားအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၈ ပွဲကစားပြီး ၃၅ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ကိုမိုအသင်းက ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ဖီအိုရင်တီးနားအသင်းကလည်း မွိုက်ကိန်းစ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ကိုမိုအသင်းအနေဖြင့် ဖီအိုရင်တီးနားအသင်းမှ မွိုက်ကိန်းစ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)(NGB)**




## ဘောလုံးသတင်း အတိုအထွာများ

* မန်စီးတီးအသင်းသည် လိုင်လီအသင်း ကွင်းလယ်ကစားသမား ဘူအက်ဒီကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

* ပရီးမီးယားလိဂ်အသင်းများ၏ ၂၀၂၆ နွေရာသီ အပြောင်းအရွှေ့အသုံးစရိတ် စုစုပေါင်းသည် စတာလင်ပေါင် ၂ ဒသမ ၄ ဘီလီယံအထိ ရှိလာခဲ့ပြီဖြစ်သည်။ **(NGB)**

## အာဆီယံချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၁၉-၈-၂၀၂၆<br>ည ၇:၃၀ နာရီ | ဗီယက်နမ် - မလေးရှား |

## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၀-၈-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | အက်သလက်တီကို - မာလာဂါ | အက်သလက်တီကို ၁-၀ မာလာဂါ<br>မာလာဂါ ၀-၁ အက်သလက်တီကို |



# ရောဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးပြောင်းရွှေ့ပြည်သူများအား ပစ္စည်းများထောက်ပံ့

**သရက် ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် သရက်မြို့နယ်၊ လေးတိုင်စင်ကျေးရွာ၊ ရွှေမုဋ္ဌောမော်ရုံ၊ ရွှေရင်အေးဘုရား၊ စံပုံတင်ဘုန်းကြီးကျောင်း၊ လေးထပ်ဘုန်းကြီးကျောင်းတို့တွင် မြစ်ရေဝင်ရောက်ခဲ့သဖြင့် ရေဘေးပြောင်းရွှေ့ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲ ၃ နာရီက ရွှေမုဋ္ဌောမော်ရုံတွင် ကျင်းပခဲ့သည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများပေးအပ်ရာတွင် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ သရက်ခရိုင် ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးဒေါ်မြထွေးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့က အိမ်ခြေ ၁၀၁ လုံး၊ လူဦးရေ ၄၁၃ ဦးတို့အတွက် မားမားခေါက်ဆွဲခြောက်နှင့် ရေသန့်ဘူးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ဇော်ထက်(သရက်)**

# ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုဂုဏ်ပြု



**မန္တလေး ဩဂုတ် ၁၈**

ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၁ မှ ၄)အထိ သင်တန်းတက်ရောက်ပြီး စစ်မှုထမ်းကာလ နှစ်နှစ်ပြည့်မြောက်ပြီး ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုဂုဏ်ပြုပွဲကို ဩဂုတ် ၁၇ ရက် ညနေ ၅နာရီက ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့် ရာအိမ်မှူးများ တာဝန်ပြီးဆုံး၍ နေရပ်သို့ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းရတနာများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးက တာဝန်ပြီးဆုံး၍ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း လေးဦးနှင့် မိတ်ဆက်ပေးပြီး ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ရပ်ကွက်အတွင်းမှ ဥပဒေအရ အကျုံးဝင်သူများအား ပို့ဆောင်ပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းတာဝန်ပြီးဆုံး၍ နေရပ်သို့ ပြန်လည်ရောက်ရှိလာသည့် အမှတ်စဉ် (၁)မှ(၄)အထိ သီရိဟေမာအနောက်ရပ်ကွက်မှ ပြည်သူ့စစ်မှုထမ်းလေးဦးအား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများအား ရေခဲမုန့်၊ ကိတ်မုန့်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**(၀၄၁)**

# သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာပေးဟောပြောခြင်းနှင့် အာဟာရကျွေးမွေးခြင်းဆောင်ရွက်

**ပုံပါကျင် ဩဂုတ် ၁၈**



ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ ပုံပါကျင်မြို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး ရက်သတ္တပတ် အသိပညာပေးဟောပြောခြင်းနှင့် အာဟာရကျွေးမွေးခြင်း ဆောင်ရွက်မှုကို ကျေးလက်ကျန်းမာရေးဌာနက ဩဂုတ် ၁၇ရက် မွန်းတည့် ၁၂ နာရီက ပုံပါကျင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးစိုးကြိုင်က သွားနှင့်ခံတွင်းကျန်းမာရေးအတွက် ကျောင်းသား၊ ကျောင်းသူများ သိသင့်၊ သိထိုက်သည့် ဂရုစိုက်နေထိုင်ပြုမူရမည့်အကြောင်းအရာများ၊ အမြင်အာရုံကျန်းမာရေးဆိုင်ရာများကို လက်တွေ့သရုပ်ပြဟောပြောခဲ့ပြီးနောက် (KG) တန်းကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဗီတာမင်အေတိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



# မိုးစပါး၊ ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး ယူရီးယားမြေဩဇာများ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချ

**သရက် ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ မိုးစပါး၊ ဝါသီးနှံပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် တောင်သူများအား မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ယူရီးယား မြေဩဇာများ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ ယူရီးယားမြေဩဇာများ ဖြန့်ဖြူးရောင်းချရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက တောင်သူများထံ လက်ဝယ်အရောက် ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ရာ မိုးစပါးပန်းတိုင် ဧရိယာရှိ တောင်သူ ၅၀ ဦး၊ စိုက်ဧက ၉၅ ဧကအတွက် ၉၅ အိတ်နှင့် ချည်မျှင်ရှည်ဝါပန်းတိုင်ဧရိယာ ၁၂ ဧက၊ ၁၂ အိတ်၊ စုစုပေါင်း ၁၀၇ ဧကအတွက် ၁၀၇ အိတ်ကို ဖြန့်ဖြူးရောင်းချပေးခဲ့ပြီး ယူရီးယားမြေဩဇာ တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

# စပါးမျိုး ခြောက်မျိုးကို ဧက ၃၆၀၀၀ ကျော် စိုက်ပျိုးထား

**ဖောင်းပြင် ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးစပါးရာသီတွင် စပါးမျိုး ခြောက်မျိုးကို ဧက ၃၆၀၀၀ ကျော် စိုက်ပျိုးထားကြောင်း သိရသည်။



"ဖောင်းပြင်မြို့နယ်မှာ ဆင်းဧကရီ ၃၈၈၉၄ ဧက၊ ရောမင်း ၁၆၅၉၅ ဧက၊ သုခရင် ၆၅၃၂ ဧက၊ မှော်ဘီ-၂ ၃၆၆၈ ဧက၊ ရွှက်သေး ၂၅၉ဧက၊ ကောက်ညှင်း ဧက ၆၅၀ စိုက်ပျိုးထားပါတယ်။ ရေရရှိရေးနည်းလမ်းတွေအလိုက် အခြားဆည်၊ ကန်၊ ချောင်းပိတ်၊ မြောင်းပိတ်၊ မိုးကောင်းသောက်၊ သဘာဝဝင် ရေစတဲ့ နည်းလမ်းတွေအလိုက် စိုက်ပျိုးကြတာပါ"ဟု ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွင်း စိုက်ဧကပေါင်း ၅၅၁၀၀ စိုက်ပျိုးရန်လျာထားပြီး လက်ရှိမြေပြင်တွင် ၃၆၆၁၈ ဧက စိုက်ပျိုးပြီးဖြစ်သည်။

လက်ရှိတွင် အခြားဆည်၊ ကန်၊ ချောင်းပိတ်၊ မြောင်းပိတ်၊ မိုးကောင်းသောက်စသည့် ရေရရှိရေးနည်းလမ်းများအလိုက် စိုက်ပျိုးထားရှိပြီး သဘာဝရေဝင်ဒေသများအား ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**(၃၉၄)**

# ပြည်ထောင်စုလမ်းမကြီးပေါ်သို့ ကျူးကျော်ဆောက်လုပ်ထားသော အမိုးအဖီများ၊ တဲများအား ရှင်းလင်းဆောင်ရွက်

**မူဆယ် ဩဂုတ် ၁၈**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ယနေ့ နံနက် ၁၀နာရီခွဲက ပြည်ထောင်စုလမ်းမကြီး လမ်းဘေးပလက်ဖောင်းနှင့် လမ်းနယ်နိမိတ်ပေါ်တွင် ကျူးကျော်တဲ၊ အဆောက်အအုံ၊ အမိုး၊ အဖီများ ဆောက်လုပ်မှုမရှိစေရေးနှင့် လမ်းဘေးဝဲ၊ ယာတစ်လျှောက်တွင် ဈေးသည်များ စည်းကမ်းမဲ့ ကျူးကျော်ရောင်းချမှုမရှိစေရေးတို့အတွက် ပျံ့ကျဈေးသည်များအား ရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ အဆိုပါလုပ်ငန်းအား မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာန စည်းကမ်းထိန်းဌာနစိတ်မှ ဦးကျော်ဖေ(ဦးစီးအရာရှိ)၏ ဦးဆောင်ကြီးကြပ်မှုဖြင့် နယ်မြေခံအင်ဂျင်နီယာများလိုက်ပါလျက် မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းအင်အား ၂၀ ဦး၊ သန့်ရှင်းရေးယာဉ် တစ်စီးတို့ဖြင့် ပျံ့ကျဈေးသည်များ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**(ကဆ)**

၀-၀-၀-၀-၀-၀-၀-၀



ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။



## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၉၂)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဩဂုတ် ၁၈**

မန္တလေး၊ မဟာမြိုင်(၁) ရပ်ကွက် ပြည်သူများ၏ (၉၂) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ဝါခေါင်လဆန်း ၁ ရက် နံနက် ၄နာရီခွဲက သိပ္ပံလမ်းနှင့် ၆၈လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသည် သံဃာတော်၊ သာမဏေအပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ဝက်သားဟင်း၊ ငါးလေးခြောက်၊ အသားတုံ၊ ငရုတ်သီးကြော်၊ ရွှေဖရုံသီးနှပ်၊ ဆပ်ပြာမှုန့်၊ သံဃာတော်နှင့် သာမဏေ တစ်ပါးလျှင် နဝကမ္မ ဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးယဉ်မောင်ဟိန်း+ဒေါ်မြသီဂီအောင်၊ ဒေါ်အေးအေးမြင့် (လွှတ်တော်ကိုယ်စားလှယ်) (PR)၊ ဘုံဆွမ်းလောင်းအသင်း တည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခ မိသားစု)၊ လစဉ် လဆန်း ၁ ရက်တိုင်း ဝက်သားအလှူရှင် ဦးမျိုးဝင်း+ဒေါ်အိအိချော (ကောင်းထက်မဟာ)မိသားစုများ၊ ကာဗာတိုင်းပြည် မိသားစုများ၊ ကွယ်လွန်သူ ဖခင်ကြီး ဦးသာအေး+မိခင်ကြီး ဒေါ်တင်ရီအား ရည်စူး၍ ဦးသိန်းတန်သားသမီးမြေးတစ်စု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်းမိသားစု၊ ဖခင်ကြီး ဦးချိန်စီ+မိခင်ကြီး ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ (သား)မောင်ကျော်သက်ဦး မောင်နမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကို ညီအစ်ကိုမောင်နမတစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုးပန်တော်ဦး(အမျိုးသမီးအဆောင်) မိသားစုများ၊ ဦးကျော်ဝင်းစိန်+ဒေါ်အေးအေးဆွေ၊ (သမီး)မဝင်းမာလာကျော် (တိမ်လွှာအလှပြင်ဆိုင်)၊ ဒေါ်မေသဇင်ဦး မိသားစု၊ ဦးအောင်ဖြိုးမင်း+ဒေါ်အေးအေးစန်း(Unit Solar)မိသားစု၊ ဦးတူး+ဒေါ်အေးအေးမြင့် မိသားစု၊ ဦးအားချန့်+ဒေါ်ကျန်းထုံး မိသားစု၊ ဒေါ်ခင်ညိုရီအား ရည်စူး၍ ဦးသိန်းတန် သားသမီးမြေးတစ်စု၊ ဦးတင်လင်း+ဒေါ်ဖြိုးဖြိုး(သမီး)မပိုးရတီခေတ်၊ မိခင်ကြီး ဒေါ်နန်းမွှေအားရည်စူး၍ (ဖခင်ကြီး) ဦးသန်းထွန်းဝင်းအား အမှူးထား၍ ဦးသက်မင်းထွန်း+မအိသီရိမင်း၊ မောင်ဟိန်းသန့်ဇင်၊ ရပ်ကွက်နေမိဘပြည်သူများ၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်း မိသားစု၊ ဦးဌေးရီ+ဒေါ်သီ(သား) ဦးစိုးရာဇာ+ဒေါ်ရွှန်းလဲ့နိုင် မိသားစု(ပါအယ်ကျေးရွာ)၊ ဖခင်ကြီး ဦးသိန်း+မိခင်ကြီး ဒေါ်ခင်ရှိန်တို့အားရည်စူး၍ ဦးကိုကိုဝင်း+ဒေါ်ကြူကြူဝင်း သား-သမီးမြေးတစ်စု၊ ဘုံဆွမ်းလောင်းအသင်းသူ၊အသင်းသားများ စုပေါင်း၍၊ သင်္ကန်း ၁၉ စုံ၊ နဝကမ္မဝတ္ထုငွေကျပ် ၁၉၀၀၀၀၊ သင်္ကန်းစာရေးတံ ၁၉ မဲ၊ ဦးတင်လင်း+ဒေါ်ခိုင်ဝေဖြိုး(သမီး) မပိုးရတီခေတ်မိသားစုမှ လှူဒါန်းသည့် သံဃာတော်သုံး နေကထိုင် ငါးခု၊ အံ့သကိုဋ္ဌ ၁၀ ထည်၊ မဲဖောက်၍ လှူဒါန်းခဲ့သည်။

အဆိုပါ ဘုံဆွမ်းလောင်းအသင်းသည် လစဉ် မြန်မာလဆန်း ၁ ရက်တွင် သိပ္ပံလမ်းနှင့် ၆၈လမ်းထောင့်တွင်လည်းကောင်း၊ လစဉ် လပြည့်များတွင် ၃၅လမ်းနှင့် ၆၉လမ်းတွင် သံဃာတော် ၃၅၀ ကျော်တို့အား လောင်းလှူလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၄ဝ)

* - * - * - * - * - *

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းကျင်းပ



**ဟိုပုံး ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက လဲသက်ကျေးရွာအုပ်စု၊ ကုန်းလမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ကောင်းချစ်ထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နိုင်သန္တာလင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြမွန်တို့က မိမိတို့ဌာနအလိုက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် လဲသက်ကျေးရွာအုပ်စု၊ ကုန်းလမ်းကျေးရွာရှိ ဒေသခံပြည်သူများက မိမိတို့ဒေသအတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး၊ မြေလွတ်၊ မြေရိုင်းများ အသုံးချခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးတင်ပြရာတွင် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထိုသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းကျင်းပရခြင်းသည် ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများအား ဆောင်ရွက်ပေးခြင်း၊ မိမိရပ်ရွာဒေသတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများ ရှိလာစေရန်နှင့် ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ (အပေါ်ဝဲပုံ) (၃၆၈)

## နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းယောင်း ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ဗလမင်းထင်ခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက အမှာစကားပြောကြား၍ ဌာနဆိုင်ရာများနှင့် တက်ရောက်လာကြသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေးနှင့် တောင်သူများ စီးပွားဖြစ်ထွန်းစေရေး စနစ်တကျ စီမံဆောင်ရွက်ပေးခြင်း၊ နိုင်ငံ့စီးပွားမြှင့်ရန်ပုံငွေများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ဆွေးနွေးကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ထို့ပြင် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ခရိုင်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကို တက်ရောက်ခဲ့သည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုနှင့်အတူ ဗလမင်းထင်ခန်းမ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း လေးဦးတို့၏ မိဘများအတွက် ကျန်းမာရေးထောက်ပံ့ငွေ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှင့် ပြည်သူ့စစ်မှုထမ်းဆောင်နေသည့် ဝန်ထမ်းသားသမီးအတွက် ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ အမှတ်(၄)ရပ်ကွက်မှ မသန်စွမ်းတစ်ဦးနှင့် အမှတ်(၉)ရပ်ကွက်မှ မသန်စွမ်းသုံးဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(၅၀၅)

### ရေချွေတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။



## ရေဝင်နစ်မြုပ်ခဲ့သော ရပ်ကွက်အတွင်းရှိ နေအိမ်များအား ကလိုရင်းဖြင့် သောက်သုံးရေ သန့်စင်ပေး

**ကလော ဩဂုတ် ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ စီးဝင်မှုကြောင့် ဩဂုတ် ၁၀ ရက်တွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ရေများ ပြန်လည်ကျဆင်းသွားသည့်အတွက် ဩဂုတ် ၁၂ ရက်မှစ၍ ရေဝင်နစ်မြုပ်ခဲ့သော ရပ်ကွက်အတွင်းရှိ နေအိမ်များနှင့် သောက်သုံးရေပေးဝေသည့် ရေထွက်များအား သောက်သုံးရေကောင်းမွန်စေရေးအတွက် တာဝန်ရှိသူများက ကလိုရင်းဖြင့် သောက်သုံးရေသန့်စင်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကလောခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများပူးပေါင်း၍ ရေဝင်နစ်မြုပ်ခဲ့သည့် လူနေအိမ်အတွင်းရှိ သောက်သုံးရေတွင်း၊ ရေကန်များနှင့် မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေသည့် ရေထွက်များတို့တွင် သောက်သုံးရေကောင်းမွန်စေရေးအတွက် ကလိုရင်းဖြင့် သောက်သုံးရေသန့်စင်ပေးခြင်းနှင့် ရေသန့်ဆေးပြားပေးဝေခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ (အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# တရားဦးဓမ္မစကြာတရားတော်(၂)

ဒေါက်တာခင်ဝင်းကြည်

### ဗုဒ္ဓမြတ်စွာဘုရားရှင်အဖြစ်သို့ ရောက်တော်မူခြင်း

တရားဦးဓမ္မစကြာတရားတော်ကို မြတ်စွာဘုရားရှင်က ဘယ်သူတွေကို အဓိကထားဟောကြားတော်မူခဲ့လဲဆိုတာနဲ့ ပတ်သက်ပြီး တရားတော်ကို နာယူခွင့်ကြုံတော်မူခဲ့ကြတဲ့ **ပဉ္စဝဂ္ဂီငါးပါး** အကြောင်း ကျွန်မတို့ ပြောနေကြတာပါ။

ပဉ္စဝဂ္ဂီငါးပါးဟာ ဘုရားအလောင်းတော် **ဥရုဝေလတော**မှာ သီတင်းသုံးတော်မူနေစဉ် ဘုရားအလောင်းတော်ကို ဝတ်ကြီးဝတ်ငယ်ပြုစုခြင်းဖြင့် ဘုရားအလောင်းတော် အို၊ နာ၊ သေဘေးလွတ်ရာ တရားကို ကြိုးပမ်းရှာဖွေရာမှာ ပါရမီဖြည့်စောင့်ရှောက်တော်မူခဲ့ကြပါတယ်။ ဒီလိုနေရာကနေပြီး **ဘုရားအလောင်းတော် ဒုက္ကရစရိယာအကျင့်ကိုစွန့်ပြီး မဇ္ဈိမပဋိပဒာအကျင့်ကို စတင်ကျင့်သုံးချိန်မှာ ဗာရာဏသီသို့ ထွက်ခွာသွားကြပါတယ်။**

ဘုရားအလောင်းတော်ဟာ တစ်ပါးတည်းသာ ကြံ့ကြံ့ခိုင်ရပ်တည်ရင်း မိမိ၏မူလရည်မှန်းချက်ပန်းတိုင်(အို၊ နာ၊ သေကင်းရာ တရားရှာခြင်း)ကို မည်သို့မျှ မစွန့်လွှတ်ခဲ့ပါဘူး။

**သက္ကရာဇ်(၁၀၃)ခု၊ ကဆုန်လဆန်း(၁၄)ရက်**မှာတော့ **ဥရုဝေလတောမှ ဂယာသီသ**(ယခု ဗုဒ္ဓဂါယာ)ဘက်သို့ ကြွလှမ်းတော်မူခဲ့ပြီး ထိုအရပ်ရှိ **မဟာဗောဓိပင်**အောက်မှာ ထွက်လေ၊ ဝင်လေ ကမ္မဋ္ဌာန်းမှအခြေခံ၍ တရားရှုမှတ်တော်မူခဲ့ပါတယ်။

**ကဆုန်လပြည့်နေ့ နေမဝင်မီ** အချိန်ကာလလေးမှာပင် ဘုရားအလောင်းတော် တည်ဆောက်ထားတဲ့ သမာဓိ(စိတ်၏တည်ကြည်ငြိမ်သက်မှု)ကို ဖျက်ဖို့ အမျိုးမျိုးကြိုးစားတဲ့ **မာရ်နတ်**ကို အောင်နိုင်တော်မူခဲ့ပါတယ်။

လပြည့်ည တစ်ညလုံး ဆက်တိုက်တရားရှုမှတ်ဆင်ခြင်ခဲ့ရာ…

၁။ **ပုဗ္ဗေနိဝါသဉာဏ်**(ရှေးရှေးဘဝများကို ပြန်လည်သိမြင်နိုင်စွမ်းရှိတဲ့ဉာဏ်)

၂။ **ဒိဗ္ဗစက္ခုဉာဏ်**(နတ်မျက်စိကဲ့သို့ အရာရာကို မြင်နိုင်စွမ်းရှိတဲ့ဉာဏ်)

၃။ **အာသဝက္ခယဉာဏ်**(အာသဝေါတရားတို့ ကင်းရာကုန်ရာ နိဗ္ဗာန်ကို ပို့ဆောင်တဲ့ဉာဏ်)တို့ကို တစ်ခုပြီးတစ်ခု ရရှိတော်မူခဲ့ပါတယ်။

**သက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့အကုန်နေအရုဏ်တက်**သည်နှင့်တစ်ပြိုင်နက် တရားအလုံးစုံကို ကုန်စင်အောင် ဆရာမကူ(သယမ္ဘူဉာဏ်)ဖြင့် မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်တော်မူသော **သဗ္ဗညုတဗုဒ္ဓဘုရားရှင်အဖြစ်သို့** ရောက်ရှိတော်မူခဲ့ပါတယ်။

သဗ္ဗ = အလုံးစုံ

ညုတ = ဉာဏ်ရှင်

အနောက်တိုင်းပြက္ခဒိန်အရဆိုလျှင် အခုရောက်နေတာက အေဒီ ၂၀၂၆ ဆိုတော့ လွန်ခဲ့တဲ့နှစ်ပေါင်း(၂၆၁၄)နှစ်။ ယေရှုခရစ်တော်မပေါ်မီ (၅၈၈)နှစ်။ **ဘီစီ(၅၈၈)၊ မေလ၊ ဇွန်လ**လောက်မှာ ဖြစ်ပါတယ်။ **သက်တော်အားဖြင့် (၃၅)နှစ်ပါ**။ မိဘမျိုးရိုး(ဂေါတမ)ကိုအစွဲပြု၍ **ဂေါတမဗုဒ္ဓဘွဲ့တော်**ဖြစ်ပါတယ်။ ကျွန်မတို့အားလုံး နေ့စဉ်နဲ့အမျှ ဦးညွှတ်ရှိခိုးနေကြတဲ့ ဗုဒ္ဓပါ။

### တရားတော်များရဲ့ အနှစ်ချုပ်

အဲ့ဒီ ဗုဒ္ဓက သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိပြီး နှစ်လကြာ ဓမ္မစကြာတရားတော်ကို ပထမဦးဆုံးဟောပြီး သက်တော်(၈၀)အရွယ် ပရိနိဗ္ဗာန်စံတော်မူတဲ့အချိန်အထိ **(၄၅)နှစ်၊ (၄၅)ဝါ**လုံးလုံး ဟောကြားတော်မူခဲ့တဲ့ **တရားတော်များအားလုံး ဘာကိုရည်ရွယ်ပြီး ဟောကြားတော်မူခဲ့တာပါလဲ**။ ဓမ္မစကြာ မပြောခင် အရင်အနှစ်ချုပ်ပြီး ကျွန်မ ကြိုးစားတင်ပြပါရစေ။

၁။ အဓိကအားဖြင့် ကျွန်မတို့အားလုံးရဲ့ **အမြင့်ဆုံးရည်မှန်းချက်**ဖြစ်တဲ့ အို၊ နာ၊ သေ ဒုက္ခအပါအဝင် **ဒုက္ခခပ်သိမ်းအေးငြိမ်းရာ**(နိဗ္ဗာန်)ကို ရောက်ရဖို့ **ဘာတွေတစ်ဆင့်ပြီးတစ်ဆင့် လုပ်ရပါမလဲ**။ ဒါအတွက် နည်းလမ်းအဆင့်ဆင့်ကို ညွှန်ပြထားပါတယ်။

၂။ နိဗ္ဗာန်မရမီ ကျင်လည်ရဦးမယ့် ဘာကုသိုလ်ကောင်းမှုမှ လုပ်မရတဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ **အပါယ်လေးဘုံ**၊ ကုသိုလ်ရော အကုသိုလ်တွေပါ လုပ်နိုင်လုပ်ဖြစ်နေတဲ့ **လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာ့ဘုံ (၂၀)** ဆိုတဲ့ **(၃၁)ဘုံ**အသီးသီးရဲ့ ကောင်းကျိုးဆိုးပြစ်များ ညွှန်ပြပြီး **ဆုတောင်းမမှားဖို့** ဆုံးမတော်မူခဲ့ပါတယ်။

၃။ **လူ့ဘုံ**မှာ ရောက်ရှိနေတဲ့ ကျွန်မတို့တစ်တွေ …

- **ဘာကြောင့် ဆူကြံ့နိမ့်မြင့်ဖြစ်နေကြရတာလဲ**။ ဘယ်အရာတွေကိုတော့ (အနည်းနဲ့အများ)ပြင်လို့ရပြီး **ဘယ်လိုပြင်ရမလဲ**။
- **ကုသိုလ်**ဆိုတာဘာလဲ။ **အကုသိုလ်** ဆိုတာဘာလဲ။
- **ဒါန၊ သီလ၊ ဘာဝနာ**(သမထဘာဝနာ၊ ဝိပဿနာဘာဝနာ)ဆိုတာဘာလဲ။ ဒါက **ဘာတွေဆောင်ရမလဲ** ဆိုတာ ပြောတာပါ။
- ဘယ်လို ပြောရင်၊ လုပ်ရင်၊ ကြံစည်တွေးတောရင် မကောင်းမှု **အကုသိုလ်**ဖြစ်မှာလဲ။ ဒါက **ဘာတွေရှောင်ရမလဲ**ဆိုတာ ပြောတာပါ။
- အဓိကအားဖြင့် လူ့ဘဝမှာ အကျိုးရှိရှိ နေချင်၊ ဖြတ်သန်းချင်ရင် ဘာတွေဆောင်ပြီး ဘာတွေရှောင်ရမလဲ။ **ဆောင်ရန်နဲ့ ရှောင်ရန်**တွေကို အကျိုးအပြစ်၊ ကောင်းကျိုးဆိုးကျိုးတွေနဲ့တကွ ရှင်းလင်းမိန့်ကြားတော်မူခဲ့ပါတယ်။

၄။ လူ့ဘုံမှာရောက်ရှိနေတဲ့ ကျွန်မတို့တစ်တွေ …

- မိမိတို့ဘဝကို ကောင်းစေချင်တယ်ဆိုရင် **မိမိတို့ကိုယ်တိုင် ကောင်းတာလုပ်၊ ကောင်းတာပြော၊ ကောင်းတာကြံစည်တွေးတောဖို့ လိုပါတယ်**။ (ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးလုံးကောင်းဖို့လိုကြောင်း ဆုံးမတော်မူတာပါ။)

၅။ မိမိတို့ **ဘဝကို တစ်ဆင့်ပြီးတစ်ဆင့် မြင့်သထက်မြင့်အောင် လုပ်ဖို့**ဆိုတာ **မိမိအပေါ်မှာပဲ မူတည်ကြောင်း**။

- ဘဝတစ်ဆင့်ပြီးတစ်ဆင့်မြင့်တယ်ဆိုတာ ငွေကြေး၊ ရာထူးဂုဏ်သိန်၊ မိဘမျိုးရိုး၊ ဘာညာဆိုတာတွေထက် စိတ်ဓာတ်အဆင့်အတန်းက ပိုအရေးကြီးပါတယ်။ **စိတ်ဓာတ်အဆင့်အတန်းမြင့်သထက်မြင့်အောင် ဘာတွေကိုဆောင်၊ ဘာတွေကို ရှောင်ရမှာလဲ**။ ဘုရားရှင်က မိန့်တော်မူခဲ့ပါတယ်။
- ကိုယ်လုပ်မှ ကိုယ်ရမယ်။

  **ဗုဒ္ဓဘုရားရှင်က ကယ်တင်ရှင် ဗုဒ္ဓမဟုတ်**လို့ ကယ်မှာမဟုတ်ပါဘူး။ "ဗုဒ္ဓ၊ ဗုဒ္ဓ၊ ဗုဒ္ဓ"နဲ့ အော်နေရုံနဲ့ သနားပြီး ကယ်မှာမဟုတ်ပါဘူး။ **ကိုယ့်ကိုယ်ကိုယ် ကယ်တင်ရမှာပါ။**
- **"မကောင်းမှုကိုရှောင်၊ ကောင်းမှုကိုဆောင်၊ ဖြူစင်အောင် စိတ်ကိုထား"**တတ်တဲ့ အလေ့အကျင့်ကို (တဖြည်းဖြည်းချင်းပဲဖြစ်ဖြစ်)လေ့ကျင့်ဖြစ်အောင် **လေ့ကျင့်ရင်း လေ့ကျင့်ရင်း**နဲ့(ဒါနတွေလုပ်၊ သီလတွေစောင့်ရင်း၊ ဘာဝနာတွေလုပ်ရင်း) တဖြည်းဖြည်းနဲ့ ပထမလူကောင်းတစ်ယောက်(a virtuous man) ကုသိုလ်ကောင်းမှုများနဲ့ ထုံမွှမ်းနေတဲ့ a good man ဖြစ်လာပါလိမ့်မယ်။

၆။ အဲ့ဒီကမှတစ်ဆင့် လေ့ကျင့်ဖန်လည်းများ၊ မြတ်စွာဘုရားရှင်ညွှန်ပြခဲ့တဲ့ **ဝိပဿနာ**လမ်းစဉ်မှာပါတဲ့ **အလုပ်တွေလုပ်ဖြစ်လာတဲ့အခါ**မှာတော့ **မြင့်မြတ်တဲ့လူသား(a noble man)**ဖြစ်လာပါလိမ့်မယ်။

၇။ မြင့်မြတ်တဲ့လူ၊ မြင့်မြတ်တဲ့ပုဂ္ဂိုလ်(အရိယာနွယ်ဝင်ပုဂ္ဂိုလ်)ဆိုတာလည်း **သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ** ဆိုပြီး ရှိတယ်မဟုတ်လား။ ဒါလည်း တစ်ဆင့်ပြီးတစ်ဆင့် တက်သွားတာပါ။ အနေးနဲ့ အမြန်တော့ရှိတာပေါ့။

- **သောတာပန်ပုဂ္ဂိုလ်**ဖြစ်ဖို့ **ဒိဋ္ဌိ**(လွဲမှားသောအယူအဆများ)ကို **ပယ်ရမယ်**။ ဘယ်လိုမျိုး ယူဆရင် လွဲမှားမလဲ။ မြတ်စွာဘုရားရှင်က အတိအကျညွှန်ပြ မိန့်ကြားခဲ့ပြီးပြီပဲ။
- **ဝိစိကိစ္ဆာကို ပယ်ရမယ်**။ ယုံမှားသံသယရှိမှုကို ပယ်ရမယ်။ ဥပမာ-ဘုရား၊ တရား၊ သံဃာဆိုတာ တကယ်ရှိလို့လားဆိုပြီး ယုံမှားသံသယရှိနေတာမျိုးကို ပယ်ရပါမယ်။
- သကဒါဂါမ်၊ အနာဂါမ်ဆိုလည်း ဒီလိုပဲ။ **လောဘ၊ ဒေါသ၊ ရာဂ စသည့်တရားဆိုးများကို တစ်ဆင့်ပြီး တစ်ဆင့် ပယ်လာလိုက်တာ ရဟန္တာ**ဆိုရင်တော့ အဲ့ဒီကိလေသာ**တရားဆိုးအားလုံးကို ပယ်ပြီး**ဖြစ်သွားလို့ အို၊ နာ၊ သေဘေးကြီးကလည်း လွတ်သွားပါပြီ။ **မြင့်မြတ်တဲ့ပုဂ္ဂိုလ်ဘဝ အပြည့်အဝ ရောက်ရှိသွားပြီ**ဖြစ်ပါတယ်။

### သိင်္ဂါလောဝါဒသုတ်

၈။ ဒါဖြင့် မြတ်စွာဘုရားရှင်က ကျွန်မတို့ လူသားတွေကို လူကောင်းဖြစ်အောင် နောက်တစ်ဆင့် မြင့်မြတ်တဲ့လူသား(သူမြတ်)ဖြစ်အောင်ဆိုတာကိုလည်း ညွှန်ကြားပြသပေးတော်မူခဲ့တာပါလား။

တကယ့်လက်တွေ့ဘဝမှာ မရှိမဖြစ်လိုအပ်တဲ့ စားဝတ်နေရေး၊ လူမှုရေးလိုအပ်ချက်တွေ ဖြည့်ဆည်းပေးရာမှာ အဓိကအရေးကြီးတဲ့ **လူတော်**တစ်ယောက်ဖြစ်ဖို့ လမ်းညွှန်မိန့်ကြားချက်တွေရော မပေးခဲ့ဘူးလားလို့ မေးစရာရှိပါတယ်။

(၄၅)နှစ်လုံးလုံး၊ (၄၅)ဝါလုံးလုံး ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေထဲမှာ လူ့ဘဝမှာ **လူတော်တစ်ယောက်ဖြစ်ဖို့ လမ်းညွှန်ဆုံးမထားတာတွေလည်း အများကြီးပါပါတယ်**။

သိသာထင်ရှားတဲ့ ဥပမာတစ်ခုအနေနဲ့ **သိင်္ဂါလောဝါဒသုတ်**မှာ လူ့ဘဝမှာ **ကြီးပွားတိုးတက်ဖို့၊ အောင်မြင်မှုရရှိဖို့**ရာအတွက် လူတစ်ယောက်အနေနဲ့ **ဘာတွေလုပ်သင့်သလဲ၊ ဘာတွေမလုပ်သင့်ဘူးလဲ**ဆိုတာကို သက်ဆိုင်ရာ အကျိုးအပြစ်များနဲ့တကွ လမ်းညွှန်ဆုံးမတော်မူခဲ့ပါတယ်။

အဲ့ဒီသုတ္တန်တရားတော်မှာ မိမိကြိုးစားရှာဖွေစုဆောင်းထားတဲ့ **ဥစ္စာပစ္စည်းများ ဘယ်လိုအကြောင်းတွေကြောင့် ဆုံးရှုံးပျက်စီးသွားစေနိုင်သလဲ**။

မိမိဘဝ အောင်မြင်တိုးတက်ဖို့ရာအတွက် မရှိမဖြစ်လိုအပ်တဲ့ မိတ်ဆွေဆိုတာ ဘယ်လိုလူမျိုးကိုမှ မိတ်ဆွေလို့ခေါ်နိုင်မလဲ။ အဲ့ဒီ **မိတ်ဆွေတွေ** မိမိအနားက **ရှောင်လွဲဖယ်ခွာသွားစေတတ်တဲ့ အကြောင်းတရားတွေက ဘာတွေလဲ**။

အသင်းအဖွဲ့တစ်ခု၊ အဖွဲ့အစည်းတစ်ခုအတွက် **ခေါင်းဆောင်တစ်ယောက်ရွေးချယ်တဲ့**အခါ ဘယ်လိုလူမျိုးကို ရှောင်ရမလဲ။ **ဘယ်လိုလူမျိုးကို ရွေးချယ်သင့်သလဲ**။

အသင်းအဖွဲ့တစ်ခု ဖွဲ့စည်းပြီးတဲ့နောက် အဲ့ဒီ**အသင်းအဖွဲ့ ခိုင်ခန့်တည်တံ့အောင် ဘယ်လိုအချက်တွေ ရှောင်ရမလဲ**။

အတိုချုပ်ပြောရရင် လူတစ်ယောက် သူ့ဘဝမှာ မတိုးတက်မကြီးပွားဘဲ အရာရာ အောက်ကျနောက်ကျဖြစ်ပြီး မအောင်မြင်တာ ဘာကြောင့်လဲ။ **အောင်မြင်တဲ့လူတစ်ယောက်(လူတော်တစ်ယောက်)**ဖြစ်ဖို့ **ဘာတွေ ရှောင်ရမလဲ**။

ဒါတွေအားလုံး သိင်္ဂါလောဝါဒသုတ်မှာ အားလုံးမြတ်စွာဘုရားရှင်က မိန့်ကြားတော်မူခဲ့ပါတယ်။

ကျွန်မတို့ငယ်ငယ်တုန်းကတော့ (ဟိုးရှေးရှေးတုန်းက ဆိုပါတော့) ကျောင်းမှာ မြန်မာစာ ဖတ်စာတွေမှာ အဲ့ဒီသုတ်တော်မှာပါတဲ့ ဆုံးမစာတွေကို ကဗျာလေးတွေပုံစံနဲ့ ဆိုကြရပါတယ်။ အခုတော့ စိတ်မကောင်းစရာ ကလေးတွေ မသင်ကြရတော့ပါဘူး။

မန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်းကြီးလက်ထက် **သင်္ဂဟစာဆရာတော်ကြီး**က ကျွန်မတို့ အလွတ်မှတ်သားနိုင်အောင် မြန်မာမှုပြုပြီး လင်္ကာလေးတွေ ရေးစပ်တော်မူခဲ့ပါတယ်။

**ဆရာတော်ကြီး ဦးဗုဓ်**ကလည်း **သိင်္ဂါလောဝါဒဆုံးမစာ**ဆိုပြီး မှတ်ရ၊ ကျက်ရလွယ်အောင် ကဗျာလေးတွေ ရေးစပ်တော်မူခဲ့တာပါ။ ဘာလို့မသင်ကြတော့တာလဲ မပြောတတ်တော့ပါဘူး။

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းကျင်းပ



**ဟိုပုံး ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ ဒေသခံပြည်သူများ၏ လိုအပ်ချက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခက်အခဲများနှင့် ပြည်သူများ၏ အကြံပြုချက်များကို သိရှိနိုင်ရေးအတွက် ကျေးလက်ပြည်သူ့စကားဝိုင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မိုင်းပျဉ်းကျေးရွာအုပ်စု၊ ဖာလဲကျေးရွာ ပရဟိတဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ကောင်းချစ်ထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေနှင့် ဌာနဆိုင်ရာများက ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် စကားဝိုင်းကိုကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်သန္တာလင်းတို့က မိမိတို့ဌာနအလိုက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် မိုင်းပျဉ်းကျေးရွာအုပ်စု၊ နားပုံကျေးရွာအုပ်စုနှင့် နမ့်ပါချီးကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများက မိမိတို့ဒေသအတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်စေရေး၊ မြေလွတ်၊ မြေရိုင်းများ အသုံးချခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထိုသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းများ ကျင်းပပေးခြင်းဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို တိုက်ရိုက်သိရှိနိုင်မည်ဖြစ်သကဲ့သို့ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုအားကောင်းလာစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများသည် လဲသက်ကျေးရွာအုပ်စု၊ မလန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဒေသခံပြည်သူများအား မြေလွတ်၊ မြေရိုင်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးရာ တက်ရောက်လာသည့် ဒေသခံပြည်သူများက မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်–၅)**

## စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပညာရေးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအတွက် ကျောင်းသားကျောင်းသူများဖြင့် ကျပန်းစကားပြော ပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိပညာ ဗဟုသုတများ တိုးပွားစေရန်၊ ဉာဏ်ရည်ဉာဏ်သွေး ဖွံ့ဖြိုးစေရန်၊ စာဖတ်စွမ်းရည် တိုးတက်စေရန်၊ စိတ်ခတ်စွမ်းရည် မြင့်မားစေရန်၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်စေရန်၊ စကားပြောစွမ်းရည် တိုးတက်စေရန်နှင့် ပညာရေးတွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ ပြိုင်ပွဲများကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး အကဲဖြတ်ဒိုင်လူကြီးများက အမှတ်ပေးမှုနှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြို့ပေါ်ကျောင်းများမှ ပြိုင်ပွဲဝင် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား စာကြည့်တိုက်မှသည် ဖွံ့ဖြိုးတိုးတက်သောအနာဂတ်ဆီသို့၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးဖို့ အားလုံးဝိုင်းဝန်းကူညီစို့၊ စာဖတ်ခြင်းဖြင့် ကြီးမြတ်သောလူမျိုး စသည့်ခေါင်းများကို မဲနှိုက်၍ ကျရာခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ဩဂုတ် ၂၀ ရက်၌ ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(ဗိုလ်သနိုးမြေ)**






ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## လမြိုက်ဝါခေါင် အလှဆောင်

* သိပ်ရာသီ ဝါခေါင်လ
စာခြယ်သ အလှထင်ပေါ်
သရဝဏ် စန်းယှဉ်နက္ခတ်
ဖတ်မှတ်စေသော်
စာရေးတံမဲ ကျင်းပပွဲတော်
နှစ်စဉ်နော် လှူဒါန်းထား
ပန်း, ခတ္တာ ဖူးငုံလန်းလို့
တင့်ဆန်းခဲ့ညား ။
* ဗျိုင်းတာရာ ခြသေ့်ရုပ်, ကား
တို့မှတ်သား ရင်ထဲဝယ်
လ, ဝါခေါင် ဝသန္တ
မိုးက ရွာတယ်
စိမ်းစိုလန်း တောတောင်ရယ်
မြစ်ချောင်းကွယ် ရစ်ခွေစီးဆင်း
ကျေးငှက်တွေ တွန်သံကျူးလို့
ကြည်နူးရင်တွင်း ။
* စိတ်အတွေးကို ရွက်လွှင့်ရင်း
လေပြည်ညင်း တိုးဝှေ့လာ
ကာရန်တွေ စာစီအပ်
ရေးစပ်ကဗျာ
နှစ်စဉ်နှစ်တိုင်း ဓလေ့ရိုးရာ
ဆင်နွှဲကာ ဘယ်မမေ့
လမြိုက်ဝါခေါင် အလှထူးလို့
(အိုကွယ်)
ကြည်နူးပါပေ့ ။ ။

**ဇာဂျမ်းရွာကျောင်းအိုသား**

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

**နမ့်စန် ဩဂုတ် ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက အမှတ်(၅) ကျေးရွာအုပ်စုရှိ အမှတ်(၉)ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းနွယ်အောင်နှင့် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ **(အောက်ယာပုံ)**

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေပြုံးပွင့်အောင်က သဘာဝဘေးအန္တရာယ်ထိန်းသိမ်းကာကွယ်ရေးနှင့်စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့ပြီး စာကြည့်တိုက်မှူး ဒေါ်စုလှိုင်ဝင်းက အသိပညာပေး ပုံပြင်များ ပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊စာစောင်များကို အခမဲ့ငှားရမ်းပေး၍ စာဖတ်ဝိုင်း ကျင်းပပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ (၅၉၀)၊ မြေကွက်အမှတ်(၂-က)၊ မြေချိန်ဧရိယာ(၃ ဒသမ ၉၂၅)ဧကနှင့် မြေကွက်အမှတ်(၂-ခ)၊ မြေချိန်ဧရိယာ(၁ ဒသမ ၆၀၈)ဧက၊ စုစုပေါင်း မြေချိန်ဧရိယာ(၅ ဒသမ ၅၃၃)ဧကရှိသည့် ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသည့် Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၇)၊ (၁)လွှာ၊ အခန်းအမှတ်(၄)၊ အိပ်ခန်း(၂)ခန်းပါရှိသည့် အကျယ်အဝန်း(၆၀၅)စတုရန်းပေရှိသော (ပြင်ဆင်ပြီး) Apartment တိုက်ခန်းသည် Ownership Certificate No.0049 ဖြင့် ဒေါ်နုလှိုင်(ဘ)ဦးတင်ညွန့်(၁/ဗမန(နိုင်)၀၄၂၇၈၅)ကိုင်ဆောင်သူ၏ အမည်ပေါက် Apartment တိုက်ခန်းဖြစ်ပါသည်။ ယင်း Apartment တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်လျက်ရှိသူ ဒေါ်နုလှိုင်(ဘ)ဦးတင်ညွန့်(၁/ဗမန(နိုင်)၀၄၂၇၈၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမှုရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝါဝါအောင် (LL.B)**
**(အထက်တန်းရှေ့နေ)**
**ဖိုးလမင်း အိမ်ခြံမြေကုမ္ပဏီ**
**၃၃လမ်း၊ ၇၆လမ်းနှင့်၇၇လမ်းကြား၊ ကဥ္စဏမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၇၇၅၂၁၈၅၉၊ ၀၉-၄၃၆၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်သုခရပ်ကွက်၊ အကွက်အမှတ်(၄၉၈)တွင် တည်ရှိသော ဦးပိုင်အမှတ်(၂/၃၁၆)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဦးမြင့်ဝင်း အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်းတွင် တိကျစွာ ပိုင်းခြားထားသည့် (၃၀×၄၀)ပေအကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်မီမီဟန်(ဘ)ဦးဘဟန်(၉/မနမ(နိုင်)၀၅၉၆၅၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားပြုသည့် စာချုပ်စာတမ်းများနှင့်တကွ ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဌေးအောင် (ဥပဒေတွဲ့) — တရားလွှတ်တော်ရှေ့နေ**
**ဦးအောင်ဇော်မြင့် (LL.B) — တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ခင်ပြုံးဝင်း (LL.B) — တရားလွှတ်တော်ရှေ့နေ**
**ဦးမင်းချစ်သူ (LL.B) — အထက်တန်းရှေ့နေ**
**ဒေါ်စာခြည်ဝင်း (LL.B) — တရားလွှတ်တော်ရှေ့နေ**
**၂၈လမ်းနှင့်လမ်း၇၀ထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၂၂၄၄၀၊ ၀၉-၉၇၅၃၀၂၇၀၈၊ ၀၉-၂၀၃၇၇၇၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၇၆)၊ ဦးပိုင်အမှတ်(၁၃-ခ/၃၅)၊ ဧရိယာ(၀ ဒသမ ၀၁၁၆)ဧက အကျယ်အဝန်းရှိ ဦးသာဌေးအောင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အဦး(ရေ+မီး)မီတာအပါအဝင် ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံတို့နှင့်တကွ ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်ဦး(ဘ)ဦးတင်သောင်(၉/မရတ(နိုင်)၀၀၈၄၉၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေအဖြစ် တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ယဉ်ယဉ်ဦး (LL.B) (စဉ်-၁၈၂၉၀)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၉၀၁)၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၀၃၂၄၅၊ ၀၉-၄၀၂၅၂၃၉၇၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရဲဘော်ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်(၅)၊ အရှေ့လားသော်-လမ်း၊ အနောက်လားသော်-ဒေါ်စိန်နု မြေအစပ်၊ တောင်လားသော်-ဒေါ်ကြည်ကြည်မြင့်နှင့် ဦးခင်မောင်ရင် မြေအစပ် စသည့်နယ်လေးရပ်အတွင်းရှိ အရှေ့မျက်နှာစာ(၁၅)ပေ၊ အနောက်(၂၃)ပေ၊ (၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသော ဦးကျော်ဆန်းလင်း(ဘ)ဦးအုန်း(၉/ပသက(နိုင်)၀၇၅၅၄၀) အကွက်(၅)၊ ရဲဘော်ကွက်သစ်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့နေသူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ချိုဝင်း(ဘ)ဦးဘလှိုင်(၅/မမတ(နိုင်)၀၀၂၃၁၂) ၆၆(ဘီ)လမ်း၊ ၁၀၅(အေ)လမ်းနှင့်၁၀၆လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့နေသူမှ အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အပါအဝင် မြေနှင့်ပတ်သက်သည့် လိုအပ်သော လျှောက်ထားမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်အေးနှငယ် (LL.B) တရားလွှတ်တော်ရှေ့နေ**
**ရွှေစာရံကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉-၄၀၀၄၇၁၆၂၀**

## ကုန်အမှတ်တံဆိပ်အား အများသိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်မင်းသူ(၉/ခအဇ(နိုင်)၀၁၅၅၅၈)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေသည် အထက်ဖော်ပြပါ *"EVERFLY"* အမည်အမှတ်တံဆိပ်ဖြင့် MOTORCYCLE TYRE & TUBE တို့ ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံး၌ ဖွင့်လှစ်လုပ်ကိုင်နိုင်ရန်အတွက် ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင် မြွက်ဟကြေညာစာတမ်းစာချုပ်အမှတ်(၂၀၉၇၃/ ၂၀၁၉)အရ တရားဝင်မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ *"EVERFLY"* အမည်အမှတ်တံဆိပ်ဖြင့် MOTORCYCLE TYRE & TUBE တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံး၌ ဖြန့်ဖြူးရောင်းချရာ အရည်အသွေးကောင်း၍ ကောင်းသတင်းဖြင့် လူကြိုက်များနစ်မြိုက်အားပေးလျက်ရှိပါသည်။ ယခုအခါ မိမိ၏ *"EVERFLY"* အမည်အမှတ်တံဆိပ်ဖြင့် MOTORCYCLE TUBE ကို တုပ၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိနေကြောင်း ကျွန်ုပ်တို့၏မိတ်ဆွေ၏ ပြောကြားချက်အရ ကြားသိရပါသည်။

သို့ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေ တရားဝင်မှတ်ပုံတင်ပြီး ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုန်အမှတ်တံဆိပ်ကို တုပပြီး ရောင်းချနေခြင်းအား ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ ဆက်လက်ဖြန့်ဖြူးရောင်းချခြင်းမပြုရန်နှင့် ဆက်လက်ဖြန့်ဖြူးရောင်းချနေပါက ကျွန်ုပ်တို့မိတ်ဆွေ၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာမှုအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရအဖြစ် တရားစွဲဆို နစ်နာကြေးငွေများ တောင်းခံကာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ခိုင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၃၈လမ်း၊ ၇၈လမ်းနှင့်၇၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၄၄၄၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဒေါ်ခင်မမ အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်းပေ(၂၀×၆၀) အကျယ်အဝန်း မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းဝင်းနွယ်(အဘ)ဦးဝင်းမောင်(၉/ရမသ(နိုင်)၀၈၅၀၄၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇ / ၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ ဦးပိုင်အမှတ်(၆၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဗိုလ်မှူး သိန်းဦး အမည်ပေါက် ဂရန်မြေကွက်ထဲမှ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦး၊ (ရေ+မီး)အစုံအပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်၊ အထွေထွေကိုယ်စားလှယ်လွှဲစာတို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်အေးဌေး(ဘ)ဦးဘကြည်(၉/မရမ(နိုင်)၀၂၅၇၈၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမိုး(LL.B(Q),D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၆၅)**
**အကွက်(စစ-၆/၁၀၀)၊ ၅၄(ဘီ)လမ်း၊ ၁၀၅လမ်းနှင့်၁၀၆လမ်းကြား၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၄၀၃၅၄၀၅၊ ၀၉-၇၉၇၂၄၄၅၁၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၂၀)၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကံဌေး အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အဦး၊ (ရေ+မီး)အစုံအပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်၊ ကိုယ်စားလှယ်လွှဲစာတို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူများဖြစ်သည့် ၁။ ဦးနေဝင်းအောင်(ဘ)ဦးခင်မောင်(၉/မရတ(နိုင်)၁၂၆၂၈၄)၊ ၂။ ဒေါ်အေးအေးငြိမ်း(ဘ)ဦးထွန်းငြိမ်း(၉/ခမစ(နိုင်)၀၀၃၁၄၉)ကိုင်ဆောင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမိုး(LL.B(Q),D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၆၅)**
**အကွက်(စစ-၆/၁၀၀)၊ ၅၄(ဘီ)လမ်း၊ ၁၀၅လမ်းနှင့်၁၀၆လမ်းကြား၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၄၀၃၅၄၀၅၊ ၀၉-၇၉၇၂၄၄၅၁၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန-၅၅)၊ ဦးပိုင်အမှတ်(၆)၊ ဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ ဦးသောင်းပို အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်းနှင့်ကပ်လျက် တောင်ဘက်ပိုင်း၊ ခဲစင်းပြဧရိယာ(အရှေ့-အနောက်-(ပေ၄၀)ခန့်)၊ တောင်-မြောက်(ပေ၂၀)အကျယ်အဝန်းရှိ ခဲစင်းပြဂရန်မြေကွက်မြေသက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်+ နိုတြီအထွေထွေကိုယ်စားလှယ်ပါဝါတို့ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးချစ်ဇော်ဟိန်း(အဘ)ဦးချစ်လှ(၅/ရဥန(နိုင်)၀၈၁၂၅၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးနေဝင်းသန့် (LL.M) တရားလွှတ်တော်ရှေ့နေ**

**၃၅(အေ)လမ်း၊ ၆၉လမ်းနှင့် လမ်း၇၀(အေ)လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၇၇၇၇၈၈၈၆၆၊ ၀၉–၆၆၉၉၉၃၇၈၆၊ ၀၉–၂၀၃၈၇၈၆၊ ၀၉–၇၇၅၅၆၆၇၈၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၄)၊ ဦးပိုင်နံပါတ်(၃၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးကျော်ရှိန် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း(၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်စန်းကြည်(ဘ)ဦးလဆန်ယွန်(၉/မကန(နိုင်)၀၅၁၄၅၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်သူဇာဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၅၉၀၄၅၄၀၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၂၉)၊ ဦးပိုင်အမှတ်(၆၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးသိန်းဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း(၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်သူ(ဘ)ဦးဌေးဦး(၁၃/မဘန(နိုင်)၀၂၄၁၆၇)(၎င်း၏ကိုယ်စား ဦးဇော်နိုင်ဝင်း(ဘ)ဦးလှရှိန်း(၈/ပခက(နိုင်)၁၇၅၄၃၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်သူဇာဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၅၉၀၄၅၄၀၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၀)၊ ဦးပိုင်နံပါတ်(၂၈-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (၃၀×၄၅)ပေ [မြေပြင်တွင်(၄၅×၃၀)]ပေ အကျယ်အဝန်းရှိ ဦးတင်အောင် အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း(၂၂ပေ ၆လက်မ×၃၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်နွယ်မိုး(ဘ)ဦးမဲအောင်(၅/ကလတ(နိုင်)၀၆၆၁၀၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်သူဇာဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၅၉၀၄၅၄၀၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၂)၊ ဦးပိုင်နံပါတ်(၆၆)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁) ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးကျော်စိန် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း(၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန်းထွန်း(ဘ)ဦးမောင်ကို(၅/ခဥန(နိုင်)၀၄၇၅၈၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၄)၊ ဦးပိုင်နံပါတ်(၃၀)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေအကျယ်အဝန်းရှိ ဒေါ်အေးအေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း(၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြု ဦးရမ်းဗဟာဒူး(ဘ) Bishnu၊ ၁၃/နမတ(ပြု)၀၀၀၂၆၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M) ဦးဖြိုးသာခန့် (LL.B) ဦးစည်သူအောင် (LL.B) ဒေါ်သဲမိုမိုထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၁၀)၊ ဦးပိုင်နံပါတ်(၈၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေအကျယ်အဝန်းရှိ ဦးကျော်ဇံ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း (၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ထက်ဝတ်ရည်(ဘ)ဦးဇော်ဦး(၁၃/နမတ(နိုင်)၀၄၉၉၃၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၈၄)၊ ဦးပိုင်အမှတ်(၁၀-က+၁၀-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၂+၀ ဒသမ ၀၁၁၅)ဧက အကျယ်အဝန်းရှိ ဒေါ်တင်တင်စန်း အမည်ပေါက် ဘိုးဘမြေကွက်အတွင်းမှ အနောက်ဘက်ခြမ်းအပိုင်း တောင်ဘက်လှည့် မျက်နှာပွင့် ရှေ့-နောက် (၁၇)ပေ၊ တောင်-မြောက်အရှည်(၄၂)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်၊ သွပ်မိုး(၂)ထပ်အဆောက်အဦ ရေ+မီးမီတာ အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်တင်စန်း(ဘ)ဦးဘအေး(၅/ဝလန(နိုင်)၀၃၅၃၄၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးကျော်ဇေယျ (LL.B) ဒေါ်ပိုးအိနိုင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**၆၄(A)လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြား၊ မြို့သစ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၀၂၃၄၅၄၁၀**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၄၉၂-ခ)၊ ဦးပိုင်အမှတ်(၃၇ဈ၊ ၃၈က) မြေကွက်ပေါ်တွင် ဦးစိုးနိုင်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၇၇၅၇၃)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ (၁/၂၀၂၆) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ (၁/၂၀၂၆) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးသို့ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ (၁/၂၀၂၆) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်မှာ ၈ သို့ ❑

## ရိုဒရီကို ဘာစီလိုနာအသင်း ခေါ်ယူ

**မက်ဒရစ် ဩဂုတ် ၁၈**

စပိန်လာလီဂါထိပ်သီးကလပ် ဘာစီလိုနာအသင်းသည် မန်စီးတီး အသင်း ကွင်းလယ်ကစားသမား ရိုဒရီကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ရိုဒရီသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၈ပွဲကစားပြီး ၂၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား ရိုဒရီအနေဖြင့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**




## စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဩဂုတ် ၁၈**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး အတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်လန်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ကျင်းပပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နွေမအား၊ ညမနားစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ရှေ့တန်းပြန်တပ်မတော်သားများနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြသည်။

အလားတူ အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ်အတွင်းရှိ နယ်မြေခံတပ်ရင်းများ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

၀-၀-၀-၀-၀

## အမှိုက်ခွဲခြား စွန့်ပစ်ခြင်းဆိုင်ရာ ပညာပေးလုပ်ငန်းအစီအစဉ်(ပဉ္စမအကြိမ်)ကျင်းပ

**မန္တလေး ဩဂုတ် ၁၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဦးဆောင်ကျင်းပသည့် အမှိုက်စနစ်တကျစွန့်ပစ်ရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာပညာပေးလုပ်ငန်းအစီအစဉ်(ပဉ္စမအကြိမ်)ကို ယနေ့နံနက် ၉ နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ်အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးဦးမင်းရဲထွေး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးဒေါက်တာသန်းထိုက်စိုးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် အမှိုက်စနစ်တကျ စွန့်ပစ်ရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ ပညာပေးလုပ်ငန်း အစီအစဉ်အဖြစ် ကျောင်းသား၊ ကျောင်းသူများအား ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန ဌာနစုမှူး ဦးဖြိုးဝေအောင်က အမှိုက်စွန့်ပစ်မှုနှင့် ပတ်သက်၍ စနစ်တကျစွန့်ပစ်ခြင်း သိကောင်းစရာများကို ကျောင်းသား၊ ကျောင်းသူများအား ပရိုဂျက်တာဖြင့်ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များပေးဝေခဲ့ကြ၍ ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် ကျောင်းစုဝေးနေရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းလှုပ်ရှားမှုဖြူများက အမှိုက်စနစ်တကျစွန့်ပစ်ရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေး တေးသီချင်းများနှင့် Perf ormance များဖြင့် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဆောင်ရွက်၍ နိုင်ငံကျော်တေးသံရှင် ရဲထွဋ်ကျော်နှင့် တေးသံရှင်များက ဖျော်ဖြေခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဦးဆောင်ပြုလုပ်လျက်ရှိသော အမှိုက်စနစ်တကျစွန့်ပစ်ရေး လုပ်ငန်း အစီအစဉ်များကို ၂၀၂၆ ခုနှစ် နိုဝင်ဘာလထိ အပတ်စဉ် အင်္ဂါနေ့တိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**

